# သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့

## (Thayninga Institute for Strategic Studies – TISS)

## မြန်မာ့ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ

## သတင်းအချက်အလက် ကောက်နုတ်ချက်

အမှတ် (၃)၊ မတ်လ ၂၀၂၂ ခုနှစ်

(သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)

# ၂၀၂၂ မတ်လအတွက် မြန်မာ့ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သတင်းအချက်အလက် ကောက်နုတ်ချက်

## နိဒါန်း

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့ (Thayninga Institute for Strategic Studies – TISS) ကို ၂၀၁၅ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ပြီး ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကဏ္ဍများတွင် လေ့လာဆန်းစစ်သုတေသနပြုသွားရန် ရည်ရွယ်ခဲ့ပါသည်။ သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် မြန်မာ့တပ်မတော်အတွက် အထောက်အကူဖြစ်စေမည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အရပ်ဘက်သုတေသနအဖွဲ့အစည်း တစ်ရပ်အဖြစ် ရပ်တည်လုပ်ဆောင်သွားရန် ဖြစ်ပါသည်။

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့၏ ဆောင်ပုဒ်မှာ Knowledge, Strategy & Union (ဗဟုသုတ၊ မဟာဗျူဟာ နှင့် ပြည်ထောင်စု) ဖြစ်ပြီး ဗဟုသုတရှာမှီးခြင်းမှသည် မဟာဗျူဟာမြောက် ဝေဖန်ဆန်းစစ်ခြင်းသို့ တက်လှမ်းနိုင်ကြပြီးလျှင် ပြည်ထောင်စုကြီးတစ်ရပ်လုံး တည်မြဲခိုင်မာ အင်အားတောင့်တင်းနေစေရန် ရည်သန် အားထုတ်မည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။

ယနေ့ခေတ် မျက်မှောက်ကာလတွင် တိုင်းပြည်နိုင်ငံအများစုသည် သက်ဆိုင်ရာနိုင်ငံအလိုက် အမျိုးသားအကျိုးစီးပွား (National Interest) ကို အဓိကအလေးထား ဖော်ဆောင်နေကြသည်ဖြစ်ရာ မြန်မာနိုင်ငံအနေနှင့်လည်း နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်နိုင်ပါစေဟု သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့မှ ဆန္ဒပြုဆုမွန်ခြွေအပ်ပါသည်။

## <u>၂၀၂၂ ခုနှစ် မတ်လအတွင်း သတင်းကောက်နုတ်ချက် ရက်စွဲမှတ်တမ်းများ</u>

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွက် ၂၀၂၂ ခုနှစ် မတ်လ အတွင်း ဖြစ်ပေါ်ခဲ့သည့် မြန်မာ့ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သတင်း အချက်အလက် ကောက်နုတ်ချက်များကို အများပြည်သူ လေ့လာသိရှိနိုင်ရန် စုစည်းဖော်ပြပါသည်။

| | | |
|---|---|---|
| ၁။ | ၁. ၃. ၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကျွန်းလှမြို့နယ်၊ ဝေလမူကျေးရွာ၌ PDF အကြမ်းဖက်သမားများ ရောက်ရှိနေသဖြင့် သွားရောက်စစ်ဆေးရာ အပြန်အလှန် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ရွာ၏အနောက်မြောက်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း၊ ယင်းနေရာအနီးတစ်ဝိုက်မှ လက်လုပ်သေနတ်မျိုးစုံ ၇ လက်၊ လက်လုပ်စိန်ပြောင်း ၄ လက်၊ အမ်-၂၂ ကျည် ၁၀၈ တောင့်၊ ၎င်းကျည်အိမ် ၂ ခု၊ လက်ပစ်ဗုံး ၁ လုံး၊ လက်လုပ်လက်ပစ်ဗုံး ၆၈ လုံး၊ လက်လုပ်မိုင်းမျိုးစုံ ၁၆ လုံးနှင့် မိုင်းနှင့်သေနတ် ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လမ်းလျှောက်စကားပြောစက် ၃ လုံး၊ KIA/PDF လက်မောင်း တံဆိပ်ပါ ပြောက်ကျားယူနီဖောင်း ၄ ထည်နှင့် ဆေးမျိုးစုံ ၂ ဖာ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ဆပ်ပြာကျင်းကျေးရွာအနီး လှည်းလမ်းပေါ်၌ PDF အဖွဲ့၏ ပစ်ခတ်မှုကြောင့် အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦး သေဆုံးခဲ့သည်။ ဦးရဲမင်းခေါင် ၄၁ နှစ်နှင့် ဇနီးဖြစ်သူ ဆပ်ပြာကျင်းကျေးရွာ မူလတန်းကျောင်းအုပ် ဆရာမကြီးဖြစ်သူ ဒေါ်ငွေးငွေ(၄၈)နှစ်တို့သည် ဆရာ၊ ဆရာမများ၏ လစာငွေများ ထုတ်ယူပြီး ပြန်လာစဉ် ဆရာမကြီးအား “CDM မလုပ်သည့်အတွက်ကြောင့်” ဟု ခြိမ်းခြောက်ပြောဆိုကာ ဝိုင်းဝန်းပစ်ခတ်သဖြင့် နေရာ၌ပင် နှစ်ဦးစလုံး သေဆုံးခဲ့ပြီး လစာငွေ ၇၉၉၅၀၀ ကျပ်နှင့် ငွေစုငွေချေးငွေ သိန်း ၂၀ ကျပ်ကို PDF များက ယူဆောင်သွားကြသည်။ |
| | | အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခံထားရသည့် ရန်ကုန်တိုင်းအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ဝန်ကြီးဟောင်း ဒေါ်နီလာကျော်အား အမှု ၁၆ မှု အတွက် အလုပ်နှင့် ထောင်ဒဏ် ၁၆ နှစ် ချမှတ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ ၎င်းသည် Quality Controller Company ရွေးချယ်ရေးအဖွဲ့၌ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ကာလအတွင်း ၎င်းနှင့် ခင်မင်ရင်းနှီးသည့် ကုမ္ပဏီကို အသိအမှတ်ပြုလွှာ ထုတ်ပေးခြင်းနှင့် အရည်အသွေး စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် လုပ်ငန်းချထားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ယင်းကုမ္ပဏီထံမှ စုစုပေါင်း ငွေကျပ် ၃၆၄၃ ဒသမ ၆၀ သိန်းကို လက်ခံရယူခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ |
| | | ကယားပြည်နယ် ဝန်ကြီးချုပ်ဟောင်း ဦးအယ်လ်ဖောင်းရှိုနှင့် စည်ပင်နှင့် လူမှုရေး ဝန်ကြီးဟောင်း ဦးအောင်ကျော်ငြွေးအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူထားကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က သတင်းထုတ်ပြန်သည်။ |
| | | ကျောက်ဆည်အကြမ်းဖက်အဖွဲ့ KDF ၏ ဘဏ္ဍာရေးနှင့် ညှိနှိုင်းရေး တာဝန်ခံ တင်မောင်ထွေး(ခ)ရန်အောင်ထွေးအား တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၌ ဖေဖော်ဝါရီလ (၁၃) ရက်တွင် လက်ကိုင်ဖုန်း ၈ လုံး၊ ငွေကျပ် ၉၀ သိန်း၊ ပြောက်ကျားဝတ်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ၎င်း၏ထွက်ဆိုချက်အရ အခြားဆက်စပ်တရားခံ ကျား (၆) ဦးနှင့် မ (၃) ဦးကို ဖေဖော်ဝါရီလအတွင်း ဖမ်းဆီးရမိခဲ့ကာ KA-25 ၄ လက်၊ လက်လုပ်ပစ္စတို ၅ လက်၊ လက်လုပ်ရှော့တိုက်ဗုံး ၄ လုံး၊ ကျည်အိမ် ၁၂ ခု၊ ၇.၆၂ ကျည် ၁၀၀၀ တောင့်၊ လက်ပစ်ဗုံး ၃၄ လုံး၊ လက်လုပ်မိုင်း ၃၄ လုံး၊ လွယ်ကြိုး ၂ ချောင်း၊ ယမ်းတောင့် ၁၆၉၅ ချောင်း၊ ဒီတိုနေတာ ၄၉၄၀ ချောင်း၊ ယမ်းကြိုး ၃ ခွေ၊ TNT ယမ်းပြင်းမှုန့် ၁ အိတ်၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ LPDF အကြမ်းဖက်အဖွဲ့အား ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် အောင်ကိုကို ဦးစီးကာ |

| | | |
|---|---|---|
| | | စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၂၊ ဇန်နဝါရီလတွင် KDF အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ |
| ၂။ | ၂.၃.၂၀၂၂ | စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ ကျောက်တိုင်ကျေးရွာတွင် အကြမ်းဖက်သမားများ ခိုအောင်းနေကြောင်း သတင်းအရ စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ကျေးရွာအတွင်းရှိ နေအိမ်အချို့မှ လက်လုပ်သေနတ်မျိုးစုံ ၁၆ လက်၊ ပြုလုပ်ဆဲ လက်လုပ်သေနတ် ကိုယ်ထည် ၅ ခု၊ ၁၂ ဗို့ကျည် ၄၁ တောင့်၊ လက်လုပ်ကျည် ၁၂ တောင့်၊ လက်လုပ်မိုင်း ၁၁ လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ NLD ပါတီအလံ ၈၁ ခုနှင့် ပါတီတံဆိပ်ပါအင်္ကျီတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။ |
| | | တပ်မတော်ပြိုကွဲအောင် လှုံ့ဆော်လုပ်ဆောင်မှု ပုဒ်မ ၅၀၅(က)ဖြင့် ထောင်ဒဏ် ၃ နှစ်စီ ချမှတ်ခံထားရသည့် လူမင်း၊ ပြေတီဦး၊ အိန္ဒြာကျော်ဇင်၊ ပိုင်တံခွန်၊ ဝင်းမင်းသန်းနှင့် ဝိုင်းတို့ကို ပြန်လည်လွှတ်ပေးလိုက်သည်။ သို့သော် Beauty Blogger ဝင်းမင်းသန်းသည် အခြားပုဒ်မတစ်ခုဖြင့် ပြစ်ဒဏ်ချခံထားရသောကြောင့် ပြန်လည်လွှတ်မြောက်ခြင်း မရှိပေ။ ထပ်မံ၍လည်း လွှတ်ပေးရန်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်တည်ဆောက်ရေးတွင် အားလုံးပါဝင်နိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ နောင်တွင်လည်း သင့်တော်သည့်အချိန်တွင် သင့်တော်သည့်သူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ပေးသွားမည်ဟု ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောခဲ့သည်။ ယခုတစ်ကြိမ် အပါအဝင် လွတ်ငြိမ်းခွင့်ပေးသည်မှာ ၃ ကြိမ် ရှိပြီဖြစ်သည်။ |
| | | ၂၀၁၉ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသော မလေးရှားနိုင်ငံသား Fariz Azman Bin Zainul Azman (Passport No.A 36662046) သည် မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံရပြီး အင်းစိန်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိရာ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း ၎င်းကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြုပြီး ၂၀၂၂ ခုနှစ်၊ မတ်လ ၂ ရက်တွင် အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။ |
| ၃။ | ၃.၃.၂၀၂၂ | မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး Prak Sokhonn သည် မတ်လ (၂၀) ရက်မှ (၂၃) ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်မည်ဟု ကမ္ဘောဒီးယား နိုင်ငံခြားရေးဌာနက ပြောကြားကြောင်း၊ ခရီးစဉ်နှင့် ပတ်သက်ပြီး အသေးစိတ်ကိုမူ မသိရှိရသေးကြောင်း AP သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ |
| | | အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၊ စီမံ/ဘဏ္ဍာဝန်ကြီးဟောင်း ဦးကျော်ဝင်းနှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီးဟောင်း ဦးဆက်အောင်နှင့် ဩစတြေးလျနိုင်ငံသား ရှောင်တာနယ်တို့ကို မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များအက်ဥပဒေဖြင့် တရားစွဲထားသည့် အမှုနှင့်ပတ်သက်၍ တရားလိုပြသက်သေ ဦးအောင်ကျော်စံအား ဆက်လက်စစ်ဆေးခဲ့ကြောင်း အမှုနှင့် ပတ်သက်၍ ထွက်ပေါ်လာသည့် သတင်းများအရ သိရသည်။ |
| | | ကယားပြည်နယ်၊ ဒီမောဆိုတွင် တပ်မတော်နှင့် ကယား PDF တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဒီမောဆိုမြို့နယ် အနောက်ဘက်ခြမ်း ဆီးလီဒိုးကျေးရွာတွင် တိုက်ပွဲပြင်းထန်ခဲ့ကြောင်း၊ တပ်မတော်စစ်ကြောင်း ဖြတ်သန်းသွားရာ လမ်းတစ်လျှောက် ရွာများတွင် နေ့စဉ်နီးပါး တိုက်ပွဲများ ဖြစ်ပွားနေကြောင်း ဒေသခံများက ပြောသည်။ ဖေဖော်ဝါရီ (၁၆) ရက်မှစ၍ ရှမ်း-ကယား နယ်စပ် မိုးဗြဲမြို့နယ်အတွင်း ဒေသခံ PDF များနှင့် တပ်မတော်တို့ တိုက်ပွဲစတင်ခဲ့ကာ ယနေ့အထိ တိုက်ပွဲများ ဆက်လက်ရှိနေပြီး တပ်မတော်ဘက်မှ |

| | | |
|---|---|---|
| | | လေကြောင်းတိုက်ခိုက်မှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ |
| | | မတ်လ (၂) ရက် နံနက်ပိုင်းက မွန်ပြည်နယ်၊ သထုံဘူတာ၌ ခရီးသည် ၃၅၀ ဦးခန့် လိုက်ပါလာသည့် မော်လမြိုင်မှ ရန်ကုန် အစုန်ရထားသည် သထုံဘူတာနှင့် ၆ ဖာလုံခန့် အကွာသို့ အရောက်တွင် ဒုတိယတွဲ(ပထမတန်း)အောက်မှ လက်လုပ်အသံမိုင်း ၁ လုံး ပေါက်ကွဲခဲ့ရာ ရထားလမ်းအနည်းငယ် ပျက်စီးခဲ့ပြီး လူထိခိုက်မှု မရှိခဲ့ပေ။ ကျိုက်မရော မြို့နယ် ပိန္နဲကုန်းကျေးရွာမှ ပြည်သူ့စစ်ခေါင်းဆောင် ဦးမန်းတင်သည်လည်း ယမန်နေ့ ညနေပိုင်းက သေနတ်ဖြင့် ပစ်သတ်ခံရကြောင်း ဒေသခံများက ပြောကြားသည်။ ၎င်းသည် အခြားသူများနှင့်အတူ မီတာခလိုက်လံကောက်ခံနေစဉ် ဆိုင်ကယ်တစ်စီးဖြင့် လူနှစ်ဦး ရောက်ရှိလာပြီး ပစ်ခတ်သွားခြင်းဖြစ်ကာ အခင်းနေရာ၌ပင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။ |
| | | အမေရိကန်ပြည်ထောင်စုတွင် မတ်လ (၂၈) ရက်နှင့် (၂၉) ရက် နှစ်ရက်ကြာ ကျင်းပမည့် အမေရိကန် – အာဆီယံ ထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံကို ဖိတ်ကြားမည်ဖြစ်သော်လည်း တပ်မတော်မှ ခန့်အပ်ထားသူ မဟုတ်သည့် တာဝန်ရှိသူတစ်ဦးကိုသာ တက်ရောက်ရန် ဖိတ်ကြားမည်ဟု အမေရိကန် နိုင်ငံခြားရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ |
| | | မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ၆၆ လမ်း (၂၆ – ၂၇ လမ်းကြား) ရှိ Hilton Hotel ရှေ့တွင် လက်လုပ်ဗုံးပေါက်ကွဲခဲ့သည်။ စည်ပင်ဝန်ထမ်းက သန့်ရှင်းရေး ပြုလုပ်နေစဉ် ဗုံးတစ်ဗုံးတွေ့ရှိခဲ့ရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အကြောင်းကြားခဲ့ပြီး ယင်းနေရာကို ကန့်သတ်စောင့်ကြည့်ချိန်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် လူထိခိုက်မှု မရှိခဲ့ပေ။ ပြည်ကြီးတံခွန်မြို့နယ် (ဈ) ရပ်ကွက် ၅၈ လမ်းပေါ် (၁၃၄ – ၁၃၅ လမ်းကြား) တွင် နံနက် ၇ နာရီခန့်က အဖြူရောင်ကားတစ်စီးပေါ်မှ ကြိုးဆွဲမိုင်းတစ်လုံး ပစ်ချ၍ ပေါက်ကွဲခဲ့ပြီး အနီးနားရှိ သံဆိုင်မှ ၂၈ နှစ်အရွယ် အမျိုးသားအလုပ်သမားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ |
| | | အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် စာသင်ကျောင်းများ၊ ဆေးရုံများ၊ အစိုးရရုံးဌာနများ၊ အများပြည်သူနှင့် သက်ဆိုင်သော အဆောက်အဦများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိရာ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဝင်းကံကျေးရွာဟောင်းအနီးရှိ ကျုံမကူးချောင်း သံကူကွန်ကရစ် တံတားအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် တံတား၏ ကမ်းကပ်ခုံအောက် အရှည် ၅၀ ပေခန့် ကျိုးကျပျက်စီးခဲ့သည်။ |
| ၄။ | ၄. ၃. ၂၀၂၂ | နိုင်ငံတော်၏ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ပြီး ပြည်ပနိုင်ငံများသို့ တရားမဝင် ထွက်ခွာသွားသော ဇော်ဝေစိုး၊ ရည်မွန်(ခ)တင်သစ်၊ လွင်ကိုလတ်၊ ဇင်မာအောင်၊ ထင်လင်းအောင်၊ အောင်မျိုးမင်း၊ အိသဉ္စာမောင်၊ ဆာဆာ၊ မင်းကိုနိုင် (ခ) ပေါ်ဦးထွန်း၊ မျိုးရန်နောင်သိမ်းနှင့် အိပနဆယ်လို (ခ) အိမ့်ပိုးဥ တို့အား ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၁၆ နှင့်အညီ နိုင်ငံသားအဖြစ်မှ ရပ်စဲလိုက်ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | သထုံမြို့နယ်၊ ဒူးရင်းဆိပ်ကျေးရွာ အုပ်ချုပ်ရေးမှူး၏ နေအိမ်ရှိ ဈေးဆိုင်တွင် မတ်လ (၃) ရက် ညပိုင်းက သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အုပ်ချုပ်ရေးမှူး သေဆုံးကာ လူ ၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ဒူးရင်းဆိပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဦးသည် ၎င်း၏ နေအိမ်ဈေးဆိုင်တွင် ဦးစိုး၊ သက်နိုင်(ခ)သက်နိုင်ဝင်း၊ လူအေး(ခ)တင်မင်းထွန်း၊ ဒေါ်ချို၊ ဦးစံသောင်း၊ ဦးငွေသောင်းတို့နှင့် စကားပြောနေကြစဉ် သေနတ်ကိုယ်စီ ကိုင်ဆောင် |

| | | |
|---|---|---|
| | | ထားသည့် လူငယ် ၃ ဦး ရောက်ရှိလာကာ ပစ်ခတ်ခဲ့သဖြင့် ၎င်းမှာ အခင်းနေရာတွင် သေဆုံးခဲ့ပြီး ၃ ဦးမှာ ကျည်ထိမှန်ကာ အခြား ၃ ဦး ထွက်ပြေးလွတ်မြောက်ခဲ့သည်။ |
| | | မန္တလေးတိုင်း၊ မိုးကုတ်တွင် ကျပ်ဘီလျံ ၂၀ တန်ဖိုးရှိ ICE (မက်သ်အဖက်တမင်း) များ ဖမ်းဆီးရမိခဲ့ကြောင်း CCDAC Myanmar က သတင်းထုတ်ပြန်ခဲ့သည်။ မတ် (၁) ရက်က မိုးကုတ်မြို့နယ်၊ လယ်ကြီး ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းလုံမှ မိုးကုတ်သို့ မောင်းနှင်လာသော ၆ ဘီးယာဉ်တစ်စီးကို သတင်းအရ စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ယာဉ်မောင်းမှာ ထွက်ပြေးသွားသဖြင့် ယာဉ်နောက်လိုက် အေးနိုင်(ခ)စိုးမြင့်နိုင်အား ကျပ်ဘီလျံ ၂၀ တန်ဖိုးရှိ ICE ၁ တန် သိမ်းဆည်းရမိခဲ့သည်။ ယင်းပစ္စည်းများကို ရှမ်းပြည်မြောက်ပိုင်းမှ မန္တလေးသို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။ |
| | | Facebook account အသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် မန္တလေးတိုင်း၊ ညောင်ဦးမြို့တွင် နေထိုင်သူ နှစ်ဦးနှင့် ရှမ်းပြည်မြောက်ပိုင်း၊ မိုးမိတ်မြို့တွင် နေထိုင်သူ တစ်ဦးတို့အား တရားဥပဒေနှင့်အညီ အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| ၅။ | ၅. ၃. ၂၀၂၂ | COVID–19 ဓာတ်ခွဲနမူနာ ၂၄၈၃၈ ခုအား စစ်ဆေးရာ အတည်ပြုလူနာသစ် ၁၅၉၆ ဦး တွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ မတ် (၅) ရက် ည ၈ နာရီအထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၇၂၃၇၇၃၉ ခုအား စစ်ဆေးခဲ့ပြီး အတည်ပြုလူနာပေါင်း ၅၉၇၄၁၇ ဦးရှိကာ သေဆုံးသူ ၃ ဦးရှိကြောင်း၊ ဆေးရုံဆင်းခွင့် ရရှိသူ ၁၀၈၉ ဦး ရှိသဖြင့် ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း ၅၄၅၈၆၅ ဦး ရှိပြီဖြစ်ကြောင်း ဖော်ပြထားသည်။ |
| | | ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များအား ခံစားခွင့်ပြုထားသည့် မော်တော်ယာဉ်များ၏ စက်သုံးဆီ သုံးစွဲခွင့်ပြုနှုန်းထားများကို ယခုနှစ် ဧပြီလမှစ၍ လျှော့ချမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်း၌ စိစစ်ပြီး ရငွေကျပ် ၁၀၅၈ ဘီလျံကျော်နှင့် သုံးငွေ ကျပ်ဘီလျံ ၃၁၀၀ ကျော် လျာထားကြောင်း သိရသည်။ |
| | | ပြီးခဲ့သည့်လ (၅) ရက်က ရန်ကုန်တိုင်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းရှိ AGD Bank ၌ ဓားပြတိုက်မှု ဖြစ်ပွားခဲ့ရာ ဓားပြတိုက်သူများအား ဖမ်းဆီးရမိပြီဖြစ်သည်။ ဦးဆောင်သူမှာ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ နှင်းဆီဖြူလမ်းနေ ဒေါက်တာကောင်းချစ်စိုး ၃၄ နှစ်ဖြစ်ပြီး ၎င်းနှင့်အတူ ရှိုင်းထက်အောင် ၂၈ နှစ်၊ သီဟအောင် ၂၈ နှစ်၊ ပြည်သိမ်းခိုင် ၂၈ နှစ်နှင့် ပိုင်စစ်(ခ)ပိုင်စစ်သွေး ၂၅ နှစ်တို့ ပါဝင်ခဲ့သည်။ ၎င်းတို့ကို ကောင်းချစ်စိုး၏ နေအိမ်၌ ငွေစက္ကူရောရာ ၅,၀၆၉,၅၀၀ ကျပ်၊ အမေရိကန်ဒေါ်လာ ၁၀၀ တန် ၈၀ ရွက်၊ လက်ကိုင်ဖုန်းမျိုးစုံ ၄ လုံး၊ CCTV အထိုင်စက် တစ်လုံး၊ Hard Disk ၉ ခုနှင့် ဓားပြတိုက်ရာတွင် အသုံးပြုခဲ့သော ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဈေးတန်းလမ်းရှိ ကမ္ဘောဇဘဏ်ခွဲ(၁)၌ ယမန်နေ့ မွန်းလွဲပိုင်းက ငွေလုယက်မှု ဖြစ်ပွားခဲ့သည်။ Mask များ အုပ်ထားသည့် အမျိုးသား ၁၀ ဦး Hijet ယာဉ်ဖြင့် ရောက်ရှိလာပြီး လုံခြုံရေးဝန်ထမ်း စောဒီမိုးထူးအား သေနတ်ထောက် |

| | | |
|---|---|---|
| | | ၍ ဘဏ်အတွင်း ခေါ်ဆောင်သွားကာ သေနတ်တစ်ချက် ပစ်ဖောက်ပြီး ဘဏ်မန်နေဂျာနှင့် ဝန်ထမ်းများ၏ ဖုန်း ၈ လုံး၊ ကောင်တာပေါ်ရှိ မြန်မာငွေရေရာ ၂၃၀,၄၅၇,၈၀၅ ကျပ်၊ Dell Laptop ၂ လုံးနှင့် Hikvision CCTV အထိုင်စက် တစ်လုံးတို့ကို လုယက်ယူဆောင်၍ ဘဏ်ရှိ CCTV များ၊ မော်နီတာများ၊ ပရင်တာများနှင့် ငွေရေစက်များကို ဖျက်ဆီးကာ ဆယ်အိမ်စု ကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့သည်။ |
| | | စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် တလိုင်းကျေးရွာရှိ အထက်တန်းကျောင်း၌ မတ် (၂) ရက်၊ ည ၁၀ နာရီခွဲခန့်တွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း နစက သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်သည်။ ကျောင်းဝင်းအတွင်း ရဲမာန်အောင်(၁) ကျောင်းဆောင်ရှိ KG စာသင်ခန်း၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး လူထိခိုက်မှု မရှိကြောင်းနှင့် မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးကို လုံခြုံရေးတပ်ဖွဲ့က သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။ |
| | | ဧပြီလ (၁) ရက်မှ စတင်ကာ ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းတို့တွင် နိုင်ငံသားကတ်ပြား(မှတ်ပုံတင်) ပြသစစ်ဆေးခံရမည်ဖြစ်ပြီး ထောက်ခံစာအား ခွင့်ပြုတော့မည် မဟုတ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်သည်။ ထို့ပြင် နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပို ထားရှိကိုင်ဆောင်ခြင်းသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ကြောင်း ဖော်ပြထားသည်။ |
| ၆။ | ၇. ၃. ၂၀၂၂ | အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) တွင် ကျင်းပပြုလုပ်ခဲ့သည့် ကနဦးကြိုတင်ကန့်ကွက်ခြင်း ကြားနာပွဲသို့ တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်အဖွဲ့၊ မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံတကာရှေ့နေများ ဖြစ်ကြသော Dr. Christopher Staker၊ Professor Stefan Talmon၊ Professor Robert Kolb တို့ကို အမှုတွင် ပညာရှင်ပီသစွာ စိတ်ရောကိုယ်ပါ စွမ်းစွမ်းတမံ ခုခံချေပပေးခဲ့သည့်အတွက် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ကြေညာချက် ထုတ်ပြန်သည်။ |
| | | ရှမ်းပြည်နယ် သီပေါမြို့ရှိ KBZ ဘဏ်ဓားပြတိုက်မှုတွင် ပါဝင်ခဲ့သူ အမျိုးသား ၄ ဦးနှင့် အမျိုးသမီး ၂ ဦးအား ငွေကျပ် ၈၄၅ သိန်းနှင့်အတူ မတ် (၆) ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့မှ ထုတ်ပြန်သည်။ ၂၀၂၂၊ ဖေဖော်ဝါရီ (၂၈) ရက်က သီပေါမြို့ ပန်းတိမ်မြောက်ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်အား အရပ်ဝတ်ဖြင့် ၃ ဦးက ပစ္စတိုတစ်လက်ဖြင့် ဓားပြတိုက်ခဲ့ကြောင်း၊ ဖြစ်စဉ်တွင် DAIA အဖြူရောင်(ယာဉ်အမှတ် စိစစ်ဆဲ)တစ်စီးသည် ဘဏ်ဘေးသို့ ရောက်ရှိလာပြီး ယာဉ်ပေါ်မှ အမျိုးသား ၃ ဦး ဆင်းလာကာ တစ်ဦးသည် ဘဏ်တံခါးနားမှ လုံခြုံရေး ဦးနောင်နောင်ထွန်းအား သေနတ်ဖြင့်ချိန်၍ ကျန်နှစ်ဦးက ဓားများကိုင်ဆောင်ကာ ဘဏ်အတွင်းရှိ လက်ထောက်မန်နေဂျာနှင့် ဝန်ထမ်းများကို ကြမ်းပြင်ပေါ် မှောက်ခိုင်းပြီး ကောင်တာရှိငွေများ ယူဆောင်ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။ ကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မတ်လ (၆) ရက်တွင် ဖမ်းဆီးရမိခဲ့သည်။ |
| | | မကွေးတိုင်း၊ မြိုင်နှင့် ပေါက်မြို့နယ်တို့တွင် အမျိုးသား ၄ ဦး သေနတ်ပစ်ခံရသဖြင့် ၂ ဦး သေဆုံးကာ ၂ ဦး ဒဏ်ရာရရှိကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ မတ် (၄) ရက်က မြိုင်မြို့နယ် ချောင်းနားတိုက်ရွာနေ ကိုအောင်မျိုး ၂၀ နှစ်သည် ၎င်းဇနီး၏ မိဘများနေအိမ်တွင် ရှိနေစဉ် Mask တပ်ဆင်ထားသူ နှစ်ဦး ရောက်ရှိလာပြီး |

| | | |
|---|---|---|
| | | သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ဒဏ်ရာများရရှိခဲ့ကြောင်း၊ သရက်ကန်ရွာနေ ဦးဟန်ဝင်းအောင် ၄၅ နှစ်သည် အဖော်တစ်ဦးနှင့်အတူ ဆိုင်ကယ်ဆီဝယ်ရာမှအပြန် PDF ၂ ဦးက ဆိုင်ကယ်ဖြင့် နောက်မှလိုက်၍ ပစ်ခတ်ခဲ့ရာနေရာတွင် သေဆုံးခဲ့ပြီး အခြားတစ်ဦးတွင် ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့ကြောင်း၊ မတ် (၅) ရက်က ပေါက်မြို့နယ်၊ ရွှေဘုံသာရွာနေ ဦးခင်ဝင်း ၆၆ နှစ်သည် နေအိမ်၌အိပ်နေစဉ် PDF ၂၀ ဦးခန့် မော်တော်ယာဉ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဒလန်ဟု စွပ်စွဲပစ်ခတ်ရာ နေရာတွင်ပင် သေဆုံးခဲ့သည်။ |
| | | အကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်သည်ဟုဆိုကာ ပခုက္ကူမြို့ပေါ်ရှိ ရပ်ကွက်အချို့မှ နေအိမ်များအား သက်ဆိုင်ရာက မတ် (၆) ရက်တွင် ချိပ်ပိတ်ခဲ့ကြောင်း မြို့ခံများထံမှ သိရသည်။ ချိပ်ပိတ်ခံရသည့် နေအိမ်များမှာ အမှတ် (၅)၊ အမှတ် (၇)၊ အမှတ် (၁၁)၊ အမှတ် (၁၂)၊ အမှတ်(၁၃)နှင့် အမှတ် (၁၅) ရပ်ကွက်တို့မှ ဖြစ်သည်။ |
| | | အဆိုတော် ဆောင်းဦးလှိုင်၊ ဦးမောင်မောင်အေး၊ ဒေါ်ခင်မမျိုး၊ ပြည်သစ်ညွန့်ဝေ (ခ) မောင်မောင်၊ ဒေါ်ဖြူဖြူသင်း တို့အား ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၆၇ ပါ ဗဟိုအဖွဲ့၏ လုပ်ပိုင်ခွင့်အရ ယင်းဥပဒေပုဒ်မ ၁၆ နှင့်အညီ နိုင်ငံသားအဖြစ်မှ ရုပ်စဲကြောင်း၊ ဆက်လက်စိစစ်ဖော်ထုတ် တွေ့ရှိရသူများကိုလည်း အလားတူ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း MRTV မှ ကြေညာသည်။ |
| ၇။ | ၈. ၃. ၂၀၂၂ | အိန္ဒိယနိုင်ငံ၊ Visakhapatnam မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဒေသတွင်းရေတပ်များ တွေ့ဆုံပွဲ (MILAN – 2022) အခမ်းအနားသို့ တက်ရောက်ခဲ့သည့် စစ်ရေယာဉ်(ဆင်ဖြူရှင်)သည် ရန်ကုန်မြို့၊ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ)သို့ ပြန်လည်ရောက်ရှိသည်။ MILAN – 2022 ကို ဖေဖော်ဝါရီ (၂၅) မှ မတ် (၄) ရက်အထိ ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံမှ စစ်ရေယာဉ် ၂၂ စီး ပါဝင်တက်ရောက်ခဲ့သည်။ ခရီးစဉ်အတွင်း International Maritime Seminar သို့ နိုင်ငံပေါင်း ၃၉ နိုင်ငံနှင့်အတူ တက်ရောက်ခြင်း၊ Subject Matter Expert Exchange Program သို့ တက်ရောက်ခြင်း၊ ဆိပ်ကမ်း အခြေပြု လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ International City Parade ၌ ပါဝင်ခြင်း စသဖြင့် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာ စစ်ရေယာဉ်များနှင့် ပင်လယ်ပြင် လေ့ကျင့်ခန်းများတွင် ပူးပေါင်းလေ့ကျင့်ခဲ့သည်။ စစ်ရေယာဉ်(ဆင်ဖြူရှင်) ယခုသွားရောက်ခဲ့သည့် ခရီးစဉ်(သွား/ပြန်)သည် စုစုပေါင်း ရေမိုင် ၃၀၂၀ ခန့်ရှိသည်။ |
| | | PDF အကြမ်းဖက်သမား ၁၀ ဦးခန့်က မိုးညှင်းတက္ကသိုလ်၏ အရှေ့မြောက်ဘက်မှ ကျောင်းဝင်းအတွင်းသို့ လက်နက်ကြီး/ငယ်များဖြင့် ပစ်ခတ်ခဲ့သည်။ ကျောင်းဝင်းအတွင်း တက္ကသိုလ်ကျောင်းသား/သူများနှင့် Quaratine ထားရှိသည့် ပြည်သူများ နေထိုင်လျက်ရှိရာ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှု မရှိသော်လည်း အိပ်ဆောင်နှင့် ထမင်းစားဆောင်များရှိ ပြတင်းပေါက်မှန်များ၊ လေကာမှန်များ ပျက်စီးခဲ့ပြီး အဆောက်အဦနံရံများတွင် ကျည်များ ထိမှန်ခဲ့သည်။ |
| | | မြောက်ဒဂုံမြို့နယ် ၃၆ ရပ်ကွက်ရှိ ယာဉ်ထိန်းရဲသင်တန်းကျောင်းတွင် ယမန်နေ့ ည ၇ နာရီခန့်က ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း အဆိုပါနေရာအနီး နေထိုင်သူများထံမှ သိရသည်။ သင်တန်းကျောင်းဝင်းအတွင်းသို့ လက်လုပ်ဗုံးများဖြင့် လာရောက်ပစ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရသူများ ရှိနိုင်ကြောင်း လူမှုကွန်ရက်တွင် သတင်းများ ထွက်ပေါ်နေသော်လည်း သက်ဆိုင်ရာက ယင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ တရားဝင်ထုတ်ပြန်ခြင်း မပြုသေးချေ။ |
| | | ယမန်နေ့ ညနေ ၅ နာရီက ကချင်ပြည်နယ် မိုးမောက်မြို့ဈေးရှေ့၌ နယ်ထိန်းရဲတပ်ဖွဲ့ |

| | | |
|---|---|---|
| | | ဝင်တစ်ဦး ပစ်သတ်ခံရကြောင်း သိရသည်။ ဈေးဆိုင်းဘုတ်အနီး ဖုန်းနှင့် အလှကုန်ပစ္စည်းများ ရောင်းချသည့် ဆိုင်ရှေ့တွင် နောက်စေ့မှ တစ်ချက်အပစ်ခံရပြီး ယင်းနေရာ၌ပွဲချင်းပြီး သေဆုံးသွားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။ သေဆုံးသူမှာ နယ်ထိန်းရဲကျော်ဇေယျ(ခ)ကျော်ကျော် ၃၅ နှစ် ဖြစ်သည်။ |
| | | မန္တလေးတိုင်း၊ အမရပူရမြို့နယ် သရက်တန်းကျေးရွာရှိ နေအိမ်တစ်အိမ်သို့ အမျိုးသားနှစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးပေါ်မှနေ၍ လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခဲ့သောကြောင့် အိမ်ဝိုင်းအတွင်းရှိ မိသားစုဝင် ၄ ဦး ထိုင်နေသည့် စားပွဲအောက်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး ၃ ဦးတို့တွင် ခြေထောက်နှင့် ရင်ဘတ်တို့၌ ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။ |
| ၈။ | ၉. ၃. ၂၀၂၂ | နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်သည် နိုင်ငံတော်နှင့် တပ်မတော်အတွက် အရေးကြီးသည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး သင်တန်းသားများကို မှန်ကန်သည့် အယူအဆများ၊ တိကျပြတ်သားသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးနှင့် တိုင်းပြည်၏ ပကတိအခြေအနေမှန်များကို သိရှိကာ မှန်ကန်သည့် အတွေးအမြင်များ ရရှိစေရေးအတွက် နိုင်ငံ့အရေးကို ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးစသည့် အမြင် ၄ မြင်ဖြင့် ထည့်သွင်းစဉ်းစား တွက်ချက်တတ်စေရန် ဆွေးနွေးပို့ချပေးလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။ |
| | | နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mrs. Suphatra Srimaitree phithak အား နေပြည်တော်ရှိ နစကဥက္ကဋ္ဌရုံး၌ လက်ခံတွေ့ဆုံခဲ့သည်။ မြန်မာ – ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရေးဆိုင်ရာများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင် မြန်မာကျပ်ငွေနှင့် ထိုင်းဘတ်ငွေကို တိုက်ရိုက်ပေးချေနိုင်မှုကြောင့် လုပ်ငန်းများပိုမိုတိုးတက်လာမည့် အခြေအနေများ၊ ကိုဗစ် – ၁၉ ရောဂါ ဒုတိယလှိုင်း ကာလအတွင်း အောက်ဆီဂျင်ရရှိရေး ထိုင်းနိုင်ငံမှ ကူညီဆောင်ရွက်ပေးခဲ့မှု၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိရေး ဆောင်ရွက်လျက်ရှိမှု စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ |
| | | ၂၀၂၁၊ ဇူလိုင်လမှ ၂၀၂၂၊ ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၄၃၀(စ)အရ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရသည့်ကုမ္ပဏီ ၂၈၀၀ ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပုဒ်မ ၉၇ အရ နှစ်စဉ်အစီရင်ခံစာ (Annual Return) တင်ပြရန် ပျက်ကွက်ခဲ့သော ကုမ္ပဏီများအား မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၄၃၀(စ) အရ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း (Struck. Off) အဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် ရက်မှစ၍ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ MyCO တွင် မှတ်ပုံတင်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် နှစ်စဉ်အစီရင်ခံစာ (Annual Return–AR) တင်ပြခြင်းကို ဆောင်ရွက်ရမည်ဟု သိရသည်။ |
| | | ၂၀၂၁၊ စက်တင်ဘာ (၃) ရက်နှင့် ၂၀၂၂၊ ဖေဖော်ဝါရီ (၂၈) ရက်တို့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲနှင့် သီပေါတို့ရှိ ကမ္ဘောဇဘဏ်ခွဲ(၂)ခုအား လုယက်ခဲ့သည့် |

| | | |
|---|---|---|
| | | တရားခံများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သတင်းထုတ်ပြန်သည်။ လုယက်မှုဖြစ်စဉ် ၂ ခုမှ ကျူးလွန်သူ တရားခံ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၂ ဦးနှင့် သက်သေခံပစ္စည်းများဖြစ်သည့် ငွေကျပ် ၁၂၂ဝ သိန်း၊ ရွှေဆွဲ ကြိုး ၃ ကုံး၊ ရွှေလက်စွပ် တစ်ကွင်း၊ ရွှေဆွဲသီး တစ်ခု၊ လက်ကိုင်ဖုန်း ၅ လုံး၊ Tablet ၁ လုံး၊ ရွှေဘောက်ချာ ၆ ရွက်နှင့် ငွေစုဘဏ်စာအုပ် ၂ အုပ်၊ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ၂ တောင့်၊ Toyota GAIA ၁ စီးနှင့် လုယက်မှုမှရရှိသည့် ငွေများဖြင့် ဝယ်ယူထားသည့် HONDA Fit GE 6 တစ်စီးတို့အား သိမ်းဆည်းရမိကာ ကျန်ရှိသည့် သက်သေခံပစ္စည်းများကိုလည်း ဆက်လက်ဖော်ထုတ် သိမ်းဆည်းသွားမည်ဟု ဖော်ပြသည်။ |
| | | ယမန်နေ့ ည ၈ နာရီခန့်တွင် ကချင်ပြည်နယ်၊ ဗန်းမော်၊ ညောင်ပင်ရပ်ကွက်ရှိ ဆေးရုံဝန်ထမ်းလိုင်းခန်း ခြံစည်းရိုး အပြင်ဘက်ကပ်လျက် ညောင်ပင်အောက်၌ လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် ဝန်ထမ်းလိုင်းခန်း၏ အုတ်တံတိုင်း ၆ ပေခန့် ပြိုကျခဲ့ပြီး Toyota Hilux နှင့် Nissan ယာဉ်တို့၏ မှန်များ၊ ဝန်ထမ်းအိမ်ရာမှ မှန်အချို့နှင့် အားကစားခန်းမ ရှေ့မျက်နှာစာ လေကာမှန် ၂၁ ချပ် ပျက်စီးခဲ့သည်။ မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂၈) အလယ်တန်းကျောင်း၌လည်း အမျိုးသားနှစ်ဦးသည် ဆိုင်ကယ်မောင်းနှင်လာပြီး လက်လုပ်အသံဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ ကျောင်း၏အနောက်ဘက် မြေကွက်လပ်သို့ ကျရောက်ပေါက်ကွဲခဲ့ကာ အဆောက်အဦနှင့် လူထိခိုက်ပျက်စီးမှု မရှိပေ။ |
| | | မတ်လ (၈) ရက်၊ နံနက် ၁၀ နာရီ ၅၀ မိနစ်တွင် မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ထန်းဆယ်ပင်ကျေးရွာရှိ မဟာဝိဇယရာမဘုန်းကြီးကျောင်းမှ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရ (ခ)ဖိုးဝိုင်း (၆၃)နှစ် (၁၅)ဝါသည် ကျေးရွာအတွင်း ဆွမ်းခံကြွရာမှ ပြန်လာစဉ် ကျောင်းအနီးအရောက်၌ အမျိုးသား ၃ ဦးသည် ဆိုင်ကယ် ၂ စီးဖြင့် ရောက်ရှိလာပြီး ပစ်ခတ်ထွက်ပြေးသွားကြောင်း၊ ပစ်ခတ်ခံရမှုကြောင့် ဆရာတော်တွင် ဝဲရင်အုံအထက် ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ဝဲလက်သန်း ကျည်ထိမှန်ဒဏ်ရာ တစ်ချက် ရရှိခဲ့သည်။ |
| | | ရေးမြို့နယ်ရှိ ကျိုက်ဒေတမေ့ဇရက် သာသနာပြုနယ်မြေအတွင်း ကိုရင်လေးဆရာတော် ဘဒ္ဒန္တပုပ္ဖရမ္မာ ဦးဆောင်ဖွင့်လှစ်ထားသည့် အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်း စီမံခန့်ခွဲရေးကော်မတီဝင် တစ်ဦးဖြစ်သူ ဦးအောင်နိုင်ဝင်းသည် သေနတ်ဖြင့် ပစ်သတ်ခံရကြောင်း Eleven Media တွင် ဖော်ပြသည်။ ၎င်းမှာ ဆေးခန်း ထမင်းစားဆောင်တွင်ရှိနေစဉ် သေနတ်သမားနှစ်ဦး ဆိုင်ကယ်ဖြင့် ရောက်လာပြီး ပစ်ခတ်သဖြင့် နေရာတွင်ပင် သေဆုံးသွားခြင်းဖြစ်သည်။ ၎င်းသည် ၂၀၂၁၊ မေလကလည်း ရေးမြို့ရှိ နေအိမ်တွင်ရှိနေစဉ် လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခံရသည့်အတွက် နောက်ကျောတွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ဖူးသည်။ |
| | | CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား အားပေးကူညီသူများ၊ လူမှုကွန်ရက်အသုံးပြုကာ ထပ်ဆင့်လှုံ့ဆော်ဝါဒဖြန့်မှုများ လုပ်ဆောင်ခဲ့သည့် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နေ သက်သက်ဝေလွင်နှင့် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်နေ ဆန်းလွင်ဦး(ခ)စိန်မှတ်တို့အား တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ကျပ် ၁ ဒသမ ၈ ဘီလျံကျော်တန်ဖိုးရှိ မူးယစ် |

| | | |
|---|---|---|
| | | ဆေးဝါးများ ဖမ်းဆီးရမိကြောင်း CCDAC Myanmar က ထုတ်ပြန်သည်။ မတ်လ (၆) ရက် မွန်းလွဲပိုင်းတွင် သတင်းအရ ၁၃၄ လမ်း (၆၁ – ၆၂ လမ်းကြား) တွင် တင်ဝင်း (၅၅ နှစ်) မောင်းနှင်သော Nissan ၁၂ ဘီးယာဉ်အား စောင့်ကြည့်နေစဉ် အိုက်စံ(ခ)ဝင်းဆိုင်(ခ)အားရှန် (၃၃ နှစ်)နှင့် ရော်ကျိန်းရန်(ခ)အားခွိုက် (၃၂ နှစ်) တို့ ဆိုင်ကယ်ဖြင့် ထပ်မံရောက်ရှိလာသောကြောင့် ၎င်းတို့အား ထိန်းသိမ်းခဲ့ကြောင်း ၁၂ ဘီးယာဉ်ပေါ်မှ ကာလတန်ဖိုးကျပ် ၁ ဒသမ ၈ ဘီလျံ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၃ သိန်း၊ ဘိန်းဖြူ ၆ ဒသမ ၆ ကီလို နှင့် ဘိန်းဆီခဲ ၆၂ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းမူးယစ်ဆေးဝါးများကို ရှမ်းပြည်မြောက်ပိုင်းမှ မန္တလေးသို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသည်။ |
| ၉။ | ၁၀. ၃. ၂၀၂၂ | ရန်ကုန်တိုင်းအတွင်း အကြမ်းဖက်မှုများ လုပ်ဆောင်လျက်ရှိသည့် UG-47 အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သတင်းထုတ်ပြန်သည်။ မတ်လ (၆) ရက် ညပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၌ သျှားထက်အောင် ၂၄ နှစ်အား ပစ္စတို ၁ လက်၊ ကျည်အိမ် ၂ ခု၊ ၉ မမ ကျည် ၉ တောင့်၊ ဖုန်း ၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိပြီး ၎င်း၏ ထွက်ဆိုချက်အရ သန့်စင်အောင် ၂၃ နှစ်အားလည်းကောင်း၊ မတ်လ (၇) ရက်တွင် ရွှေပေါက်ကံမြို့နယ်၊ ၂၂ ရပ်ကွက်ရှိ အကြမ်းဖက်အဖွဲ့များ Safe House အဖြစ် အသုံးပြုလျက်ရှိသော နေအိမ်၌ စိုင်းစံ(ခ)အရှည်ကြီး ၂၂ နှစ်နှင့် သက်မျိုးထိုက် ၂၁ နှစ်တို့အား လက်လုပ်ဗုံး ၂၂ လုံး၊  ယမ်းညှင်း ၅ ပိဿာခန့်၊ စနက်တံ ၈ ခု၊ Keypad ဖုန်း ၂၁ လုံး၊ အသံမြောက်အိုး ၇ လုံး၊ သံဘောစေ့ ၈၀ ကျပ်သားခန့်နှင့်အတူ  ထပ်မံဖမ်းဆီးရမိခဲ့ပြီး မတ်လ (၉) ရက်တွင် မြောက်ဥက္ကလာပ၊ (ည) ရပ်ကွက်၌ တေဇာအောင် ၃၇ နှစ်အား လည်းကောင်း၊ ၂၂ ရပ်ကွက်၌ ကျော်ဇော ၄၂ နှစ်အားလည်းကောင်း၊ (၄)ရပ်ကွက်၌ ကျော်မင်းအောင် ၄၉ နှစ်အားလည်းကောင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ |
| | | ယမန်နေ့ နံနက်အစောပိုင်းက စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ကံကြီးကုန်းရွာသို့ PDF အကြမ်းဖက်များ ရောက်ရှိလာပြီး နေအိမ်များအား လက်နက်ငယ်၊ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ပြီး မီးရှို့ဖျက်ဆီးသဖြင့် ကျေးရွာရှိ ပြည်သူ့စစ်အဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ရာ ထိတွေ့မှုဖြစ်ပွားကြောင်း သတင်းထုတ်ပြန်သည်။ ပစ်ခတ်၊ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာနေ အမျိုးသား ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၇၅ လုံးနှင့် နွား ၁၇၅ ကောင်ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ အလားတူ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ ရွှေဘုံသာကျေးရွာတွင်လည်း PDF အင်အား ၇၀ ဦးခန့် သေနတ်များ ပစ်ဖောက်ဝင်ရောက်လာကာ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၂၅ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။ |
| | | မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ရွှေကျင်ကျေးရွာရှိ ဓမ္မရက္ခိတကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ သက်တော် ၆၃ နှစ်၊ ဝါတော် ၄၃ ဝါသည် ကျောင်းဝင်းအတွင်း စင်္ကြံလျှောက်နေစဉ် အကြမ်းဖက်သမား ၁၀ ဦးခန့် စက်လှေဖြင့် ရောက်ရှိလာပြီး ပစ္စတိုဖြင့် ပစ်ခတ်သဖြင့် ဆရာတော်မှာ ကျည်ဖောက်ဝင် ဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့သည်။ ထိုကျောင်းဘေးရှိ ရွှေကျင်အလယ်တန်းကျောင်း၏ တာဝန်ခံကျောင်းအုပ် ဒေါ်မြမြစိုးအားလည်း ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ယမန်နေ့က ငါန်းဇွန်မြို့နယ်၊ ညောင်လေးပင်ရွာရှိ “အေးကမ္ဘာသာသနာပြုစခန်း” မှ ဝါစိမ်းနီဆရာတော် ဥူးဇေယျသိဒ္ဓိ သက်တော် ၆၂ နှစ်၊ ဝါတော် ၄၂ ဝါသည် ရွှေဘိုမြို့မှ ပြန်လာစဉ် တလိုင်းကျေးရွာနှင့် စဉ့်ကိုင်ကျေးရွာ |

| | | |
|---|---|---|
| | | အကြား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခံခဲ့ရပြီး မော်တော်ယာဉ် ပျက်စီးမှုရှိသော်လည်း ဆရာတော်နှင့် ယာဉ်မောင်းတို့ ထိခိုက်ဒဏ်ရာရရှိခဲ့မှု မရှိခဲ့ပေ။ |
| | | ဖေဖော်ဝါရီ (၂၈) ရက်မှ မတ် (၆) ရက်အထိ တစ်ပတ်အတွင်း တစ်နိုင်ငံလုံးတွင် တရားမဝင် သစ်ထုတ်သူ ၃၁ ဦး၊ တရားမဝင် သစ်တန် ၂၂၀ ကျော်နှင့် ယာဉ်/ယန္တရား ၁၃ စီး ဖမ်းဆီးရမိကြောင်း သိရှိရသည်။ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများက ပေးပို့သော စာရင်းများအရ တရားမဝင် ကျွန်း ၁၇ ဒသမ ၃၀၈၄ တန်၊ သစ်မာ ၁၂ ဒသမ ၁၅၅၈ တန်၊ အခြား ၁၉၆ ဒသမ ၆၆၇၅ တန် စုစုပေါင်း ၂၂၆ ဒသမ ၁၃၁၇ တန်၊ တရားမဝင်သစ် ထုတ်သူ ၃၁ ဦး၊ ယာဉ်/ယန္တရား ၁၃ စီး ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးမှာ မတ် ၂ ရက်တွင် ရှမ်းပြည်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်၊ လွဲကြီးဘိနယ်၊ ပေါင်းလောင်းကြိုးဝိုင်း၊ အကွက်အမှတ် ၁၇၃ မှ ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည့် စကားဝါသစ်လုံး/လုံးခြမ်း ၂၈၊ လုံး/ခြမ်း ၃၅ ဒသမ ၄၀၄၀ တန် ဖြစ်ကြောင်း သိရသည်။ |
| | | ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)နေ ပပလင်း၊ ရွှေပြည်သာနေ ဖြိုးမင်းထွန်း(ခ) ကိုဖြိုးနှင့် ညီညီထူး(ခ)ကြွက်သိုက်တို့သည် ၂၀၂၂၊ ဇန်နဝါရီလအတွင်း၌ ရွှေပြည်သာမြို့နယ်အတွင်းရှိ အုပ်ချုပ်ရေးမှူးရုံးနှင့် လှော်ကားနယ်မြေရဲစခန်းတို့အား မိုင်းခွဲတိုက်ခိုက်ခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ လက်နက်ခဲယမ်းများ သိုဝှက်သိမ်းဆည်းခြင်းနှင့် သယ်ဆောင်ခြင်းတို့ကြောင့် ၎င်းတို့ (၃) ဦးအား “ထောင်ဒဏ်တစ်သက်” ချမှတ်လိုက်ကြောင်း သတင်းထုတ်ပြန်သည်။ |
| ၁၀။ | ၁၁. ၃. ၂၀၂၂ | မြန်မာ – ထိုင်းနယ်စပ် မြဝတီ ဒေါနတောင်ကျော် ကုန်သွယ်လမ်းကြောင်းတွင် မတ်လ (၁၂) ရက် နံနက်ပိုင်းက ပစ်ခတ်မှု၊ မီးရှို့မှုများဖြစ်ပြီးနောက် ယာဉ်အသွားအလာ ရပ်ဆိုင်းထားကြောင်း Eleven Media တွင် ဖော်ပြသည်။ ထိုင်းနိုင်ငံနှင့် အဓိက နယ်စပ်ကုန်သွယ်လမ်းကြောင်းဖြစ်သော မြဝတီ – ကော့ကရိတ် အာရှလမ်းသစ်တွင် ခရီးသည်တင်မှန်လုံယာဉ်တစ်စီး အပါအဝင် ကုန်တင်ယာဉ် ၃ စီး မီးရှို့ဖျက်ဆီးခံရပြီး ခရီးသွားကားအချို့လည်း ပစ်ခတ်ခံခဲ့ရသည်။ မြဝတီ ဒေါနတောင်ကျော်လမ်း ကော့ကရိတ်ဘက်ခြမ်း တောင်ခြေဘုရားလေးကွေ့အနီးတွင်လည်း ရွှေစင်စကြာခရီးသည် ပို့ဆောင်ရေးယာဉ်အား လက်နက်ကိုင်လူတစ်စုက မီးရှို့ကာ ယာဉ်သွားလာမှု ပိတ်ဆို့ထားကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။ |
| | | မတ်လ (၁၀) ရက်၊ နံနက် ၉ နာရီ ၄၀ မိနစ်အချိန်တွင် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်ရှိ နဂါးပွက် အလယ်တန်းကျောင်းခွဲသို့ PDF အကြမ်းဖက်များ ရောက်ရှိလာပြီး ကျောင်းအုပ်ဆရာကြီး အပါအဝင် ဆရာ/ဆရာမ (၃) ဦးအား “ဒလန်” ဟု စွပ်စွဲကာ အကြမ်းဖက်ရိုက်နှက်ပြီး ဖုန်းများနှင့် ငွေများအား အတင်းအဓမ္မ လုယက်ယူဆောင်သွားကြောင်း သတင်းထုတ်ပြန်ရေး ကော်မတီမှ ထုတ်ပြန်သည်။ |
| | | ရန်ကုန်တိုင်း၊ ဗဟန်းနေ မျိုးတင့်အောင် ၅၀ နှစ်နှင့် သာကေတနေ ကိုလေး ၄၇ နှစ်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်များအပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | မွန်ပြည်နယ်၊ ရေးမြို့တွင် မတ်လ (၁၀) ရက် နံနက်ပိုင်းက အလယ်တန်းပြဆရာမ |

| | | |
|---|---|---|
| | | တစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရကြောင်း မြို့ခံများထံမှ သိရသည်။ ရေးမြို့၊ သီရိနန္ဒာ ရပ်ကွက် အမှတ် (၃) အထက်တန်းကျောင်းဝင်း အတွင်းရှိ ဝန်ထမ်းအိမ်ယာနေ ဆရာမ ဒေါ်ဝင်းဝင်းချိုသည် ၎င်း၏နေအိမ်မီးဖိုဆောင်တွင် ထမင်းချက်နေစဉ် အမျိုးသားတစ်ဦး မှ လာရောက်ပစ်ခတ်ကာ ထွက်ပြေးသွားခြင်းဖြစ်ပြီး ၎င်းမှာ အခင်းဖြစ်သည့်နေရာ၌ပင် သေဆုံးခဲ့သည်။ |
| ၁၁။ | ၁၂. ၃. ၂၀၂၂ | ကရင်ပြည်နယ်၊ ကော့ကရိတ်ရှိ မြဝတီ – ကော့ကရိတ် အာရှလမ်းသစ်၌ ကုန်တင်ယာဉ် များနှင့် ခရီးသည်တင်ယာဉ်များအား ယနေ့ နံနက်ပိုင်းတွင် KKO (ခွဲထွက်) အဖွဲ့နှင့် PDF များ ပါဝင်သော ပူးပေါင်းအဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး ယာဉ်များ အား မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့ပြင် ဖာပွန် – ကမမောင်း လမ်းကြောင်းတစ်လျှောက် လုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်လည်း တတန့်ကူးကျေးရွာ အနီး ရှိ မြဝတီ – ကော့ကရိတ်သွား အာရှလမ်းသစ်၌ ထိတွေ့ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | မတ်လ (၁၁) ရက်၊ နံနက် ၁ နာရီခွဲတွင် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ လက်ပန်ဇင် ကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းအား PDF အကြမ်းဖက်သမားများက မီးရှို့ ဖျက်ဆီးခဲ့သဖြင့် ကျောင်းဝင်းအတွင်းရှိ စာသင်ကျောင်းဆောင် တစ်ဆောင်နှင့် ကျောင်း ဆောင်အတွင်းရှိ သင်ထောက်ကူပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သည်။ |
| | | မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ လျှပ်စစ်မန်နေဂျာရုံးအတွင်းသို့ မတ် (၁၁) ရက် နံနက် ပိုင်းက လက်လုပ်မိုင်းဖြင့် လာရောက် ပစ်ခတ်ခံခဲ့ရပြီး ပုသိမ်ကြီးမြို့မ ဓာတ်အားခွဲရုံမှ ထရန်စဖော်မာတစ်လုံးနှင့် (100 KVA) ထရန်စဖော်မာ တစ်လုံးတို့ ပျက်စီးသွားသဖြင့် ပြုပြင်ခဲ့ရပြီး မြို့နယ်အတွင်း ဓာတ်အားပြတ်တောက်မှု ယာယီဖြစ်ပေါ်ခဲ့သည်။ ပြည်ကြီး တံခွန်မြို့နယ်၊ လမ်း ၁၃၀ (၅၅ – ၅၆ လမ်းကြား)ရှိ အုပ်ချုပ်ရေးမှူး ရုံးအနီး၌လည်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး မျက်နှာချင်းဆိုင် လမ်းထောင့်ရှိ ထရန်ဖော်မာတစ်လုံး ထိမှန် ပျက်စီးခဲ့သည်။ |
| | | မွန်ပြည်နယ် ရေးမြို့နယ် အဘော်ကျေးရွာရှိ ပတ္တမြားကျားတန်းရပ်၌ အမျိုးသားတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။ သေဆုံးသူမှာ အဘော်ကျေးရွာ အလယ်ပိုင်းနေ ဦးဇော်ဝင်း ဖြစ်ကြောင်း၊ နေအိမ်တွင် ဘုရားရှိခိုးနေစဉ် အမည်မသိ သေနတ်သမားနှစ်ဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ပစ်ခတ်သွားခြင်းဖြစ် ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။ |
| ၁၂။ | ၁၃. ၃. ၂၀၂၂ | ယမန်နေ့ ညနေ ၆ နာရီခွဲခန့်တွင် မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊ မင်းရွာကျေးရွာ၌ အကြမ်းဖက်သမားများက သတ်ဖြတ်၍ ဆရာမတစ်ဦး သေဆုံးခဲ့သည်။ မင်းရွာကျေးရွာ အထက်တန်းကျောင်းခွဲဝင်းအတွင်း နေထိုင်သည့် အလယ်တန်းပြဆရာမ ဒေါ်ညိုညို ဇော် ၄၂ နှစ်သည် နေအိမ်လိုင်းခန်းအတွင်း ရှိနေစဉ် အကြမ်းဖက် အမျိုးသား ၄ ဦးက ဆိုင်ကယ် ၂ စီးဖြင့် ရောက်ရှိလာပြီး “CDM မလုပ်ဘူးလား” ဟု ပြောဆို၍ “ဒလန်” ဟု စွပ်စွဲသတ်ဖြတ်ခဲ့သောကြောင့် အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ကြောင်း သတင်းထုတ် ပြန်ရေး ကော်မတီမှ ထုတ်ပြန်သည်။ |
| | | မြဝတီမြို့တောင်ဘက် လေးကေ့ကော်နှင့် ပတ်ဝန်းကျင်ဒေသများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး စစ်ဘေးရှောင် ၁၃၀၀ ကျော်မှာ စားသောက်ရေး အခက်အခဲ များနှင့် ရင်ဆိုင်နေကြရသည်။ မယ့်ထော်သလေး၊ အင်ကြင်းမြိုင်၊ မင်းလက်ပန်၊ ဖလူး လေး၊ ဖလူးကြီး၊ မေတ္တာလင်းမြိုင်ကျေးရွာတို့မှ စစ်ဘေးရှောင်များထဲမှအချို့ နေအိမ်သို့ |

| | | |
|---|---|---|
| | | ပြန်ခဲ့ကြသော်လည်း လေးကေကော်မြို့သစ်၊ ပဟိကလော်၊ ထီးမယ်ဝါးခီး၊ ရသေ့ဂူတို့မှ ဒေသခံများမှာ သောင်ရင်းမြစ်ကမ်းစပ် အင်ကြင်းမြိုင် ဘုန်းတော်ကြီးကျောင်း၊ မင်းလုပ် ဘုန်းတော်ကြီးကျောင်းနှင့် ကျောက်ခတ်စစ်ဘေးရှောင်စခန်းတို့တွင် ခိုလှုံနေရသည်။ |
| | | ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်မြို့၊ သုသာန်၌ အသက် ၂၄ နှစ်အရွယ် မိန်းကလေးတစ်ဦး မှုဒိမ်းကျင့် အလောင်းဖျောက်ခံရပြီး သေဆုံးကြောင်း Eleven Media က ဖော်ပြသည်။ “ကျွန်မ တူမလေးကို မနေ့ညနေ ၆ နာရီ လောက်က ကားဝယ်မယ်၊ တရုတ်ငွေ ၅၆၀၀၀ ပေးမယ်၊ ကားလာပြပါလို့ ဖုန်းနဲ့ခေါ်တဲ့အတွက် သွားပြတာ။ မနေ့ညက ပြန်မလာတော့ သူငယ်ချင်း အိမ်မှာပဲ အိပ်တယ်ထင်တာ။ ဒီမနက် ၆ နာရီကျတော့ မူဆယ်သုသာန်မှာ မျက်နှာကို တိပ်စည်းထားပြီး မုဒိမ်းကျင့်၊ သတ်ပြီး စွန့်ပစ်ထားခဲ့တာ။ သုသာန်မှာ သွားကြည့်တော့ အပေါ်ရောအောက်ရော အတွင်းခံ မရှိဘူး။ ဆေးရုံမှာ ဆရာဝန်စစ်ချက်နဲ့ စခန်းမှူး နယ်ထိန်းတို့ကတော့ အမှုအတွက် ဆေးစာယူနေတယ်။ ကားကိုလည်း ယူသွားတယ်။” ဟု သေဆုံးသူ၏ အဒေါ် ဖြစ်သူက ပြောကြားခဲ့သည်။ |
| ၁၃။ | ၁၄. ၃. ၂၀၂၂ | ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၉) ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 19th ASEAN Chiefs of Defence Forces Meeting (ACDFM – 19) သို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တက်ရောက်ရန် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့သို့ ထွက်ခွာသွားသည်။ |
| | | တရုတ်နိုင်ငံနှင့် ပူးပေါင်းပြီး COVID – 19 ကာကွယ်ဆေး Myancopharm ကို မြန်မာ့ဆေးဝါးက ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်သည်။ ကိုဗစ်ကာကွယ်ဆေးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် တရုတ်နိုင်ငံမှ Sinopharm CNBG ဆေးဝါးစက်ရုံနှင့် ပူးပေါင်းကာ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့ကြောင်း ကြေးမုံသတင်းစာတွင် ဖော်ပြထားသည်။ ကိုဗစ်ကာကွယ်ဆေး “Myancopharm” တစ်ပုလင်း လျှင် လူ ၅ ဦး ထိုးနှံနိုင်သည်။ |
| | | အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ ဖြင့် ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကိုအား အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ချမှတ်ပြီး သက်သေပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ကြေညာသည်။ |
| | | တအာင်းပလောင်အမျိုးသားပါတီ၏ မိုင်းကိုင်မြို့နယ် ပါတီဥက္ကဋ္ဌဖြစ်သူ မိုင်းနမ်ဟန်နှင့် မိသားစုသုံးဦးစလုံး သတ်ဖြတ်ခံခြင်းအပေါ် အထူးဝမ်းနည်းကြောင်း တအာင်းနိုင်ငံရေး အတိုင်ပင်ခံကော်မတီ (TPCC) က မတ် (၁၃) ရက်တွင် ထုတ်ပြန်သည်။ ဇန်နဝါရီ (၁၀) ရက်က ပျောက်ဆုံးသွားသော မိုင်းနမ်ဟန် မိသားစုဝင်(၃)ဦး၏ ရုပ်အလောင်းများကို မတ် (၁၀) ရက်က တောတွင်းတစ်နေရာတွင် စုပြုံထားသည်ကို ကျေးရွာနေ ပြည်သူတို့ တွေ့ရှိခဲ့ကြောင်း၊ မိုင်းနမ်ဟန် မိသားစုတစ်စုလုံး မတရားဖမ်းဆီး သတ်ဖြတ်ခံရခြင်းမှာ တအောင်းတစ်မျိုးသားလုံးအတွက် ကြီးမားသည့် နစ်နာဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်ကြောင်း၊ သတ်ဖြတ်ခဲ့မှုအပေါ် TPCC က အထူးဝမ်းနည်းကြေကွဲကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ |
| | | မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်တွင် ယာဉ်ထိန်းတပ်ဖွဲ့အား လက်လုပ်မိုင်းဖြင့် ပစ်ပေါက်မှုကြောင့် လူ ၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်း (၁၁၀ |

| | | |
|---|---|---|
| | | လမ်း) နှင့် ၆၁ လမ်းဆုံတွင် မော်တော်ယာဉ်များကို စစ်ဆေးနေစဉ် ဆိုင်ကယ်မောင်းနှင်လာသူ အမျိုးသားနှစ်ဦးအနက် နောက်မှထိုင်လိုက်လာသူ အမျိုးသားက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ မိုင်းပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင် အပါအဝင် လေးဦးခန့် ဒဏ်ရာရရှိခဲ့သည်။ |
| | | မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်တွင် အမျိုးသားတစ်ဦး သေနတ်ပစ်ခံရပြီး သေဆုံးမှု ဖြစ်ပွားခဲ့သည်။ ပြည်ကြီးတံခွန်မြို့နယ်၊ ဇီးအုပ်ရွာမ (ဠ)ရပ်ကွက်တွင် နေထိုင်သည့် ကိုသန်းမြတ်စိုး ၄၂ နှစ်သည် ၄၉ လမ်းအတိုင်း ဆိုင်ကယ်မောင်းလာစဉ် ၁၂၉ နှင့် ၁၃၀ လမ်းကြားအရောက် ၎င်း၏ အနောက်မှ အမည်မသိ အမျိုးသားနှစ်ဦးက ဆိုင်ကယ်ဖြင့် ရောက်ရှိလာကာ ၎င်းအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး နေရာတွင်ပင် သေဆုံးခဲ့သည်။ |
| | | ယမန်နေ့၊ နေ့လည် ၁၁ နာရီခွဲခန့်တွင် မကွေးတိုင်း၊ ရေစကြိုမြို့နယ် ကျေးရွာအုပ်စု (၃) စု၏ အုပ်ချုပ်ရေးမှူး ဦးဝေလွင်၏နေအိမ်သို့ PDF (၂၀) ဦးခန့်သည် သေနတ်များ ပစ်ဖောက်၍ နေအိမ်အတွင်းသို့ ဝင်ရောက်ခဲ့သော်လည်း လူမရှိ၍ နေအိမ်အား မီးရှို့ဖျက်ဆီးခဲ့ရာ ယင်းမီးကြောင့် ကျေးရွာရှိ နေအိမ် ၁၇ လုံး မီးလောင်ပျက်စီးခဲ့ရသည်။ ပေါက်မြို့နယ်၊ သီးချောက်ကျေးရွာနေ ဦးအောင်ခင်ထွန်း ၄၀ နှစ်နှင့် ဖခင်ဖြစ်သူ ဦးမောင်အောင် ၇၂ နှစ်တို့သည် ၎င်းတို့ပိုင်ယာခင်းတွင် အလုပ်လုပ်နေစဉ် ဆိုင်ကယ်နှစ်စီးဖြင့် PDF ၄ ဦး ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ဖခင်ဖြစ်သူမှာ နေရာတွင်ပင် သေဆုံးခဲ့ကာ ဦးအောင်ခင်ထွန်းမှာ ထွက်ပြေး လွတ်မြောက်ခဲ့သည်။ |
| | | ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့တွင် စိတ်ဝေဒနာရှင် သားဖြစ်သူက ဆိုင်ကယ်မဝယ်ပေး၍ဟုဆိုကာ မိဘနှစ်ပါးအား သတ်ဖြတ်အလောင်းဖျောက်မှု ဖြစ်ပွားခဲ့ကြောင်း လူမှုကူညီရေးအသင်းမှ ဖော်ပြသည်။ အဆိုပါဖြစ်စဉ်ကို မတ် (၁၂) ရက်တွင် သိရှိခဲ့ပြီး နေအိမ်ကို သော့ဖျက်၍ ဝင်ရောက်စစ်ဆေးရာ ခုတင်ခြေရင်းတွင် သေဆုံးနေသော ဖခင်ဖြစ်သူကို တွေ့ရပြီး ခြံအတွင်း ထင်းပုံအောက်တွင် မြေမြှုပ်ထားသော မိခင်အလောင်းကို တွေ့ခဲ့ရသည်။ |
| | | မြန်မာ – ထိုင်းနယ်စပ် မြဝတီ – မဲဆောက် လမ်းမှတစ်ဆင့် ဘန်ကောက်သို့ ပို့ဆောင်မည့် ဂေါ်ဖီထုပ်များ တင်ဆောင်လာသည့် ကားအတွင်း သို့ဝှက်လိုက်ပါလာသော မြန်မာနိုင်ငံသား ၅၃ ဦး တာ့ခရိုင်အနီး မဲဆောက်အထွက် စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံခဲ့ရကြောင်း Eleven Media တွင် ဖော်ပြသည်။ ဖမ်းဆီးခံရသည့် မြန်မာနိုင်ငံသားများမှာ ပြည်တွင်း၌ အလုပ်အကိုင် ရှားပါးပြီး နိုင်ငံရေးမတည်ငြိမ်မှုကြောင့် လူကယ်ရီပွဲစားအား တစ်ဦးလျှင် ဘတ် ၂၅၀၀၀ မှ ၃၀၀၀၀ အထိ ပေးပြီး လာကြသူများဖြစ်ကြောင်း သိရသည်။ ယခုလအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်မှု ပိုမိုများပြားလာပြီး နှစ်ပတ်အတွင်း မြန်မာလုပ်သား ၁၀၀၀ ခန့် ဖမ်းဆီးခံထားရပြီး လုပ်ငန်းခွင်ရှိရာ ဘန်ကောက်သို့ ရောက်ရှိသွားသူများလည်းရှိသည်။ |
| ၁၄။ | ၁၅. ၃. ၂၀၂၂ | (၁၂) ကြိမ်မြောက် အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး 12th ASEAN Military Operation Meeting (12th AMOM) ကို ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့ရှိ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်း၌ ကျင်းပပြုလုပ်သည်။ အစည်းအဝေးတွင် ယခုနှစ်၏ ခေါင်းစဉ်ဖြစ်သည့် “ဟန်ချက်ညီသော လုံခြုံရေးအတွက် စည်းလုံးညီညွတ်မှု အမြင်ချင်းဖလှယ် (Solidarity for Harmonised Security) အပေါ် အမြင်များအား နိုင်ငံအလိုက် အလှည့်ကျဆွေးနွေးကြပြီး အာဆီယံ တပ်မတော်များ၏ ၂ နှစ်တာ လုပ်ငန်းစီမံချက် (၂၀၂၂ – ၂၀၂၄) အား ဆွေးနွေးအတည် ပြုခြင်း အပါအဝင် |

| | | |
|---|---|---|
| | | အခြားကိစ္စရပ်များအား ဆွေးနွေးကြသည်။ အစည်းအဝေးသို့ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ |
| | | (၁၉) ကြိမ်မြောက် အာဆီယံ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (19th ASEAN Military Intelligence Meeting – AMIM–19) ကို ယနေ့ နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့ရှိ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါအစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ "ဟန်ချက်ညီလုံခြုံရေးအတွက် စည်းလုံးညီညွတ်မှု (Solidarity for Harmonised Security)" ဟူသည့် ခေါင်းစဉ်အပေါ် အမြင်များအား နိုင်ငံအလိုက် အလှည့်ကျဆွေးနွေးကြပြီး အာဆီယံထောက်လှမ်းရေး အရာရှိငယ်များ အပြန်အလှန် ခရီးစဉ်ဖလှယ်ရေးဆိုင်ရာ ကိစ္စများ၊ အာဆီယံ စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးအသိုက်အဝန်း တည်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ ပူးတွဲထုတ်ပြန်ကြေညာချက် (Joint Statement) နှင့်ပတ်သက်၍ ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။ (၂၀) ကြိမ်မြောက် အာဆီယံ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။ |
| | | ကမ္ဘောဒီးယားနိုင်ငံတွင် ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်သူရလှမင်းတို့နှင့်အတူ ကမ္ဘောဒီးယား အထူးတပ်ဖွဲ့ Special Forces Command သို့ သွားရောက်လေ့လာခဲ့သည်။ |
| | | COVID – 19 ရောဂါဖြစ်ပွားမှု အခြေအနေအရ မတ် (၁၆) ရက်မှစ၍ သတ်မှတ်ထားသည့် လူဦးရေ ၂၀၀ အစား လူဦးရေ ၄၀၀ စုဝေးခွင့်ပြုကြောင်း မတ် (၁၅) ရက် ညပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ |
| | | ကလေးအကျဉ်းထောင်၌ ထောင်တာဝန်ခံအရာရှိ အပါအဝင် ဝန်ထမ်းများသည် စည်းကမ်းထိန်းသိမ်းရုံး၌ လုံခြုံရေးကိစ္စများ ပြောဆိုနေစဉ် အမှတ် (၅) အိပ်ဆောင်မှ အချုပ်သား ဇန်ဒိန်း ဦးဆောင်သည့် ၅၀ ဦးခန့်က တာဝန်ခံအရာရှိ ဦးကျော်သူ၊ ဒုတာဝန်ခံအရာရှိ ဦးချိုမင်းလတ်နှင့် ဒုကြီးကြပ်ရေးမှူး ဦးရန်ပိုင်မျိုးတို့ကို ဓားစာခံပြုလုပ်၍ ထောင်မှ ထွက်ပြေးရန်ကြံစည်မှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်တွင် ဇန်ဒိန်းနှင့်အဖွဲ့မှ ၎င်းတို့အား ဓားစာခံအဖြစ် ဖမ်းချုပ်စဉ် တာဝန်ခံအရာရှိသည် ပြန်လည်ခုခံကာ လွတ်မြောက်သွားခဲ့ပြီး ဇဟိုကင်းပေါ်သို့ တက်ရောက်၍ Hand Speaker ဖြင့် အရာရှိနှစ်ဦးအား ပြန်လွှတ်ပေးရန်နှင့် အိပ်ဆောင်သို့ ဝင်ရောက်ရန် အကြိမ်ကြိမ် ပြောကြားခဲ့သော်လည်း မလိုက်နာသဖြင့် MA–11 သေနတ်ဖြင့် ၃ ချက် မိုးပေါ်သို့ ပစ်ခတ်ခဲ့ကြောင်း သို့သော် လိုက်နာခြင်းမရှိသဖြင့် ၎င်းလူအုပ်စု အောက်ပိုင်းသို့ ထပ်မံပစ်ခတ်ခဲ့ရာ အချုပ်သား ၁၂ ဦး ဒဏ်ရာရရှိခဲ့ပြီး အချုပ်သား ၆ ဦးနှင့် အကျဉ်းသား ၁ ဦးတို့ သေဆုံးခဲ့ကြောင်း၊ ညနေ ၅ နာရီ ၄၀ မိနစ်ခန့်တွင် ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | ယမန်နေ့ ညပိုင်းတွင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ပိတောက်လမ်းနှင့် သိပ္ပံလမ်းကြား၌ အမျိုးသား ၂ ဦး စီးနင်းလာသည့် ဆိုင်ကယ်ပေါ်မှ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ အလောင်း ၂ လောင်း တွေ့ရှိခဲ့ကြောင်း၊ ည ၈ နာရီကျော်တွင် မန္တလေးဆေးရုံကြီးသို့ မိုင်းစထိမှန်ဒဏ်ရာများ ရရှိထားသည့် အမျိုးသား ၂ |

| | | |
|---|---|---|
| | | ဦး ရောက်ရှိနေကြောင်း သိရသဖြင့် သွားရောက်စစ်ဆေးရာ ပြည်ကြီးတံခွန်မြို့နယ်နေ ဖွဲ့ဝဏ္ဏထွန်း ၁၇ နှစ်နှင့် အေးမောင်မောင် ၂၇ နှစ်တို့အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ ၎င်းတို့၏ ထွက်ဆိုချက်များအရ ၎င်းတို့ ၅ ဦးသည် သိပ္ပံလမ်းနှင့် ၇၈ လမ်းထောင့်ရှိ CCTV ပုံးအား ဖောက်ခွဲရန် ဆိုင်ကယ် ၃ စီးဖြင့် ထွက်ခွာလာပြီး လက်လုပ်မိုင်းအား ထုတ်ယူစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အခင်းဖြစ်နေရာ၌ ၂ ဦး သေဆုံးပြီး တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရှိရသည်။ |
| | | ယမန်နေ့၊ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ တောင်ဖီလာရပ်ကွက်ရှိ အမှတ် (၂) အလယ်တန်းကျောင်းဝင်းအတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ PDF အကြမ်းဖက်များ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပင်မအဆောက်အဦ၏ အပေါ်ထပ်နှင့် အောက်ထပ်၌ လေကာမှန် ၁၁ ချပ် (တန်ဖိုးငွေကျပ် ၅၅၀၀၀ ခန့်) ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းထုတ်ပြန်သည်။ |
| ၁၅။ | ၁၆. ၃. ၂၀၂၂ | စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးချုပ်များက ဖြေရှင်းရန်လိုပြီး တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိရန်လိုကြောင်းနှင့် တာဝန်မဲ့သူများကို တာဝန်မပေးမိရန် အရေးကြီးကြောင်း ယမန်နေ့က ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။ |
| | | (၁၉) ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 19th ASEAN Chiefs of Defence Forces Meeting (ACDFM–19) တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ယနေ့တွင် ကမ္ဘောဒီးယား ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဌာန ယာယီအကြီးအကဲ Major General Khamlieng OUTHAKAISONE နှင့်အဖွဲ့၊ ဗီယက်နမ် ပြည်သူ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Senior Lieutenant General Nguyen Tan Cuong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် အဖွဲ့တို့အား သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။ |
| | | ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၁၂)ကြိမ်မြောက် အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး 12th ASEAN Military Operation Meeting (12th AMOM) သို့ တက်ရောက်ခဲ့သည့် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းသည် မတ် ၁၄ ရက် နှင့် ၁၅ ရက်တို့တွင် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံမှ (12th AMOM) ဥက္ကဋ္ဌဖြစ်သူ အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ် Major General Pen Sokrethvithyea၊ ထိုင်းနိုင်ငံမှ Lieutenant General Chitchanok Nujjaya၊ ဖိလစ်ပိုင်နိုင်ငံမှ Major General Alex S Rillera Pa၊ လာအိုနိုင်ငံမှ Brigadier General Sonethong Keolokham၊ ဘရူနိုင်းနိုင်ငံမှ Col. Saifulrizal bin Abdul Latif တို့နှင့် သီးခြားစီ တွေ့ဆုံပြီး လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေနှင့် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုဆိုင်ရာများနှင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ |
| | | (၁၉) ကြိမ်မြောက် အာဆီယံ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး |

| | | |
|---|---|---|
| | | (19th ASEAN Military Intelligence Meeting – AMIM–19) တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနေသည့် တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် (၁၄) ရက်တွင် ကမ္ဘောဒီးယားနိုင်ငံမှ Lieutenant General Hun Manith ဦးဆောင်သော အဖွဲ့အားလည်းကောင်း၊ (၁၅) ရက်တွင် ထိုင်းနိုင်ငံမှ Lieutenant General Natee Wongissares ဦးဆောင်သော အဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံမှ Lieutenant General Le Hona Son ဦးဆောင်သော အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံမှ Lieutenant General Datuk Ahmad Norihan Bin Jalal ဦးဆောင်သော အဖွဲ့ဝင်များ၊ လာအိုနိုင်ငံမှ Colonel Phimmachanh VONGPANNA ဦးဆောင်သော အဖွဲ့ဝင်များနှင့် သီးခြားစီတွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေနှင့် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ |
| | | စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်ထဲရှိ မန္တလေး – မြစ်ကြီးနား ကားလမ်းမကြီး၌ မြစ်ကြီးနားမှ မန္တလေးသို့ မောင်းနှင်လာသည့် “သစ္စာလှိုင်” နှင့် “မနောမန္တလာ” ခရီးသည်တင်ယာဉ်၊ “ချမ်းသာအောင်” ယာဉ်လိုင်းမှ AD Van ယာဉ်ငယ်နှင့် PARADO ယာဉ်တို့အား မတ်လ (၁၅) ရက် ည ၁၁ နာရီခွဲခန့်တွင် ၁၁ ပေါက်ကျေးရွာ အထွက်နေရာ၌ PDF ၄၀ ဦးခန့်က လမ်းဘေးဝဲ/ယာမှ တူမီးသေနတ်များဖြင့် ပစ်ခတ်ကာ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ခရီးသည်တင်ယာဉ်ပေါ်မှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ သေဆုံးပြီး အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၃ ဦးတို့ ဒဏ်ရာရရှိခဲ့ကာ မော်တော်ယာဉ် ၄ စီး ပျက်စီးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ရွှေလေ့ကျေးရွာသို့ မတ်လ (၁၄) ရက်၊ နံနက် ၅ နာရီတွင် PDF ၄၀ ဦးခန့် ဝင်ရောက်လာပြီး သေနတ်များဖြင့် ပစ်ခတ်သဖြင့် ကျေးရွာနေပြည်သူများမှာ ရေစကြိုမြို့နယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း၊ ၎င်းတို့ပစ်ခတ်သည့် ကျည်ဆံထိမှန်၍ မောင်ညိမ်းထက်အောင် ၂၀ နှစ် သေဆုံးခဲ့ပြီး မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ် ၆၇ လုံး ပျက်စီးဆုံးရှုံးခဲ့သည်။ မတ်လ (၁၅) ရက်က ခင်ဦးမြို့နယ်၊ တမုတ်ကျေးရွာသို့ PDF ၂၀ ဦးခန့်သည် သေနတ်များ ပစ်ဖောက်ဝင်ရောက်ပြီး ရွာရှိနေအိမ် ၁၀ လုံးအား မီးရှို့ဖျက်ဆီးခဲ့ကြကာ ရှားလင်းကျေးရွာဘက်သို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်သည်။ |
| | | မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ ကံဘဲ့ကျေးရွာတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းတိုးသည် နေအိမ်မှ လမ်းလျှောက်ထွက်လာပြီး ရွာထိပ် ရွှေတစ်ချောင်းမြောင်းပေါင်အနီး ပိတ်ထားသည့် ကွမ်းယာဆိုင်အနား ထိုင်နားနေစဉ် အမည်မသိ အမျိုးသားနှစ်ဦးလာရောက်ကာ သေနတ်ဖြင့် ပစ်ခတ်သွားသောကြောင့် နေရာ၌ပင် သေဆုံးခဲ့သည်။ |
| | | မတ် (၁၆) ရက်က ကချင်ပြည်နယ် ဟိုပင်မြို့ စွမ်းထက်အောင် လက်ဖက်ရည်ဆိုင်ရှေ့တွင် အငြိမ်းစား တပ်မတော်အရာရှိဟောင်း ဦးအောင်မျိုးသန့်နှင့် ၎င်း၏နောက်လိုက်တစ်ဦးတို့ သေနတ်ပစ်ခတ်ခံရကြောင်း Eleven Media က ဖော်ပြသည်။ ဦးအောင်မျိုးသန့်သည် သမီးဖြစ်သူကို ကျောင်းပို့အပြီး လက်ဖက်ရည်ဆိုင်မှအပြန် ကားပေါ်အတက်တွင် ကားနှစ်စီးဖြင့် လာရောက်ပစ်ခတ်ခြင်းဖြစ်ပြီး အချက်ရေ နှစ်ဆယ်ကျော် သုံးဆယ်ခန့်ရှိနိုင်ကြောင်း၊ ဦးအောင်မျိုးသန့်သည် နေရာတွင်ပင် သေဆုံးခဲ့ပြီး နောက်တစ်ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း ဖြစ်စဉ်ကို မြင်တွေ့ခဲ့သူတစ်ဦးက ပြောပြခဲ့ကြောင်း သတင်းတွင် |

| | | |
|---|---|---|
| | | ဖော်ပြသည်။ |
| | | မကွေးတိုင်း၊ ပခုက္ကူမြို့၊ အမှတ်(၆)ရပ်ကွက်ရှိ "Hana Microfinance" အသေးစား ချေးငွေရုံးသို့ ယမန်နေ့ မွန်းလွဲပိုင်းက အကြမ်းဖက်သမား ၂ ဦး ရောက်ရှိလာပြီး ငွေကိုင်ဝန်ထမ်း မသီရိထွန်း ၂၉ နှစ်အား သေနတ်ဖြင့် ချိန်ရွယ်ကာ ငွေသေတ္တာအား ဖွင့်ပေးရန် ပြောဆိုရာ ၎င်းမှာ ရုံးအနောက်ဘက် အခန်းသို့ ထွက်ပြေးသဖြင့် သေနတ် ၂ ချက်ပစ်ခတ်ခဲ့ကြောင်း၊ ၎င်း၌ ကျည်ထိမှန်ဒဏ်ရာ ၁ ချက် ရရှိခဲ့ပြီး အကြမ်းဖက်သမား ၂ ဦးမှာ ထွက်ပြေးသွားခဲ့သည်။ |
| | | ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းနှင့် သရက်တော ၅ လမ်း(အောက်) ထောင့်ရှိ ရပ်ကွက်အုပ်ချုပ်အဖွဲ့ဝင် တစ်ဦး နေထိုင်သည့် အထပ်မြင့်တိုက် လှေကားခွင်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ပေါက်ကွဲမှုကြောင့် လှေကားခွင်မှ လေကာမှန်များ ပျက်စီးခဲ့ပြီး လူထိခိုက်မှု မရှိပေ။ |
| ၁၆။ | ၁၇. ၃. ၂၀၂၂ | နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး Mr. Saud bin Abdullah Al-subaie သည် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ ထို့နောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုတိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ |
| | | (၁၉)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM-19)ကို ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်းပင်မြို့ရှိ အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အစည်းအဝေးတွင် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံအသီးသီးမှ ကာကွယ်ရေး ဦးစီးချုပ်များ၊ တာဝန်ရှိသူများက "ဟန်ချက်ညီ လုံခြုံရေးအတွက် စည်းလုံးညီညွတ်မှု (Solidarity for Harmonised Security)" ခေါင်းစဉ်ဖြင့် နိုင်ငံအက္ခရာစဉ်အလိုက် ဆွေးနွေးကြသည်။ မြန်မာ့တပ်မတော် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဆွေးနွေးရာ လက်ရှိကာလတွင် ကမ္ဘာတစ်ဝန်း သမားရိုးကျစိန်ခေါ်မှုများ သာမက သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည့်အတွက် အာဆီယံတပ်မတော်များအနေဖြင့် ယခင်ကထက် ပိုမိုစည်းလုံးညီညွတ်စွာဖြင့် လုံခြုံရေးကဏ္ဍတွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်သည့် အခြေအနေများ၊ အာဆီယံနိုင်ငံများအနေဖြင့် ကြုံတွေ့နေရသည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ဘက်စုံစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အာဆီယံတပ်မတော်များ အနေဖြင့် အပြန်အလှန် နားလည်ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုရှိစေရန် "အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး" ဟူသည့် အာဆီယံအခြေခံစည်းမျဉ်းကို ကျော်လွန်၍ အဖွဲ့ဝင်နိုင်ငံများအကြား ပြည်တွင်းရေးများတွင် ပါဝင်စွက်ဖက်ရန် သွယ်ဝိုက် (သို့) တိုက်ရိုက် နည်းလမ်းများဖြင့် ဖိအားပေးတိုက်တွန်းနေသည့် အခြေအနေများ၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အခြားအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် နိုင်ငံအချင်းချင်း တန်းတူရည်တူရှိမှုကို အပြန်အလှန် လေးစားတန်ဖိုးထားရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ၏ |

| | | |
|---|---|---|
| | | နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုနှင့် လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။ |
| | | မတ်လ (၁၆) ရက်၊ နံနက်ပိုင်းတွင် PDF ၃၀ ဦးခန့်သည် စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့၊ ကြွေတိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာနေ အထက်တန်း သူနာပြုဆရာမ ဒေါ်ခင်သန္တာမြင့် ၄၂ နှစ်နှင့် ခင်ပွန်းဖြစ်သူ ဦးသန်းနိုင်ဦး ၃၉ နှစ်၊ ဆေးရုံမြေအလုပ်ရှင် ဦးခင်မောင်တိုး ၄၆ နှစ်နှင့် ဆေးရုံအဆောက်အဦအလုပ်ရှင် ဦးနိုင်လင်းထွန်း ၃၂ နှစ်တို့ ၄ ဦးအား ဆေးရုံလူနာဆောင်အတွင်းသို့ ဖမ်းဆီးခေါ်ဆောင်ပြီး ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်သတ်ဖြတ်ခဲ့သဖြင့် ၎င်းတို့ ၄ ဦးသည် ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ |
| | | ကချင်ပြည်နယ် မိုးညှင်းမြို့၊ ခရိုင်မီးသတ်ရုံးမှ အိမ်ထောင်သည်လိုင်းခန်းတွင် ယမန်နေ့ညပိုင်းက လက်လုပ်မိုင်းဖြင့် တိုက်ခိုက်ခံရကြောင်း သိရသည်။ ခရိုင်ရုံးမှ တာဝန်ရှိသူတစ်ဦးက “ည ၈ နာရီ ၇ မိနစ်လောက်မှာပေါ့။ လက်လုပ်မိုင်းကို လာချပြီး ရီမုကွန်ထရိုးနဲ့ ခွဲတာပေါ့။ ဘယ်သူမှလည်း မထိခိုက်ဘူး။ ဘာမှလည်း မပျက်စီးဘူး။ မျက်နှာချင်းဆိုင် ဆီဆိုင်ကမှန်တွေ ကွဲကုန်တယ်။ ကျွန်တော်တို့ မီးသတ်ဌာနက လမ်းဆုံသုံးထောင့်ချွန်းမှာ ဆောက်ထားတော့ အဝန်းအဝိုင်းလည်း မရှိဘူး။ လုပ်ရတာ လွယ်တာပေါ့။ ကျွန်တော်တို့က လူထုအကျိုးပြုအဖွဲ့ သက်သက်ပါ။ ဘယ်သူ့ကိုမှလည်း ဒုက္ခပေးတဲ့အဖွဲ့မဟုတ်ပါဘူး။ အခုလိုကြီးလုပ်တော့ စိုးရိမ်ကြောက်လန့်စရာ ဖြစ်လာတယ်။ စိတ်မကောင်းလည်း ဖြစ်ကြတာပေါ့” ဟု ပြောသည်။ |
| | | မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ကမ်းမဖြူ အလယ်တန်းကျောင်းခွဲမှ မူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်စိန်(ခ)မြင့်မြင့်စိန် ၅၇ နှစ်သည် မတ်လ (၁၆) ရက် နံနက်ပိုင်းက ၎င်း၏နေအိမ်၌ ရှိနေစဉ် PDF အကြမ်းဖက် ၆ ဦး ရောက်ရှိလာပြီး ၎င်းအား “CDM မလုပ်ဘူးလား” ဟု ပြောဆိုကာ “ဒလန်” ဟု စွပ်စွဲ၍ ဓားဖြင့် ထိုးခုတ်သတ်ဖြတ်ခဲ့၍ လည်ဂုတ်ပြတ်ရှဒဏ်ရာရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။ အလားတူ မင်းတုန်းမြို့နယ်၊ မင်းတုန်း အထက်တန်းကျောင်းအား ဂက်(စ်)ဘူး(၃)ဘူးကို ဆိုင်ကယ်ကျွတ်စဖြင့်ပတ်ကာ ခါတ်ဆီလောင်းမီးရှို့၍ ကျောင်းဝင်းအတွင်း ပစ်ပေါက်ခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားကာ ခြံစည်းရိုး အုတ်တံတိုင်းပျက်စီးပြီး ကျောင်းအုပ်ကြီးရုံးခန်း တံခါးမကြီး၏ မှန်များ၊ ပြတင်းပေါက်မှန်များနှင့် အဋ္ဌမတန်း(က) စာသင်ဆောင်အခန်း တံခါးမကြီး၏ မှန်များ ပျက်စီးခဲ့သည်။ |
| | | သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက်၊ ဖွံ့ဖြိုးရေးလမ်းရှိ စားသောက်ဆိုင်အပေါ်ထပ်တွင် မတ် (၁၆) ရက် ည ၇ နာရီခန့်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားပြီး အမျိုးသားနှစ်ဦး သေဆုံးသွားသည်။ ရပ်ကွက်နေသူတစ်ဦးက "မနေ့ကညပိုင်းက ရွှေပုံစားဆိုင် အပေါ်ထပ်မှာ ပစ်သွားတာ။ အမျိုးသား နှစ်ယောက် သေတယ်။ ကြားရတာက အမျိုးမျိုးပဲ။ အချင်းချင်းပစ်ကြတာလို့လည်း ကြားရတယ်။ ဘာကြောင့်ပစ်တယ်။ ဘယ်သူတွေလဲဆိုတာတော့ သေချာမသိရဘူး။" ဟု ပြောသည်။ ထောက်ကြန့်မြို့၊ လမ်းသစ်လမ်းနှင့် ဗိုလ်တေဇလမ်းထောင့်တွင်လည်း သတင်းပေးဟု နာမည်ထွက်နေသူ အမျိုးသားတစ်ဦး ပစ်ခတ်ခံရမှု ဖြစ်ပွားခဲ့သည်။ သေနတ်ပစ်ခံရသူမှာ ဦးရွှေထွန်း ၅၀ နှစ် ဖြစ်ပြီး ၎င်း၏ ကားပေါ်မှ ဆင်းရန်ပြုနေစဉ် လမ်းတစ်ဖက်မှ ပစ်ခတ်ခြင်းဖြစ်ကြောင်း သိရသည်။ |
| | | မတ်လ (၁၆) ရက်၊ မွန်းလွဲ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်ရှိ ဇိုးခွားဇုံနယ်၊ ခရစ်ယာန် ဘာသာရေးကျောင်းအား အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးမှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ခင်း၊ အုတ်နံကပ် နှစ်ထပ်အဆောက်အဦ တစ်လုံး |

| | | |
|---|---|---|
| | | (တန်ဖိုးငွေ ၄၈ သိန်းကျပ်ခန့်) ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ |
| ၁၇။ | ၁၈. ၃. ၂၀၂၂ | ယနေ့ည ၈ နာရီအထိ COVID-19 ဓာတ်ခွဲနမူနာ စုစုပေါင်း ၇၄၇၃၁၃၁ ခုအား စစ်ဆေးခဲ့ပြီး အတည်ပြုလူနာပေါင်း ၆၀၈၃၈၄ ဦးရှိကာ သေဆုံးသူ ၂ ဦးရှိသဖြင့် သေဆုံးသူ စုစုပေါင်း ၁၉၄၂၀ ဦးရှိကြောင်း သိရသည်။ ပြီးခဲ့သည့် မတ် (၁၅) ရက်က ဗီဇပြောင်း အိုမီခရွန်ရောဂါပိုး BA.2 ကို ဓာတ်ခွဲနမူနာ ၃၁ ခုတွင် တွေ့ရှိရကြောင်း၊ အဆိုပါ BA.2 လူနာများအား သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှု ဆောင်ရွက်ထားရှိပြီး ၎င်းတို့၏ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ နိုင်ငံတကာ လေ့လာတွေ့ရှိချက်များအရ အိုမီခရွန်မျိုးဗီဇပြောင်း ရောဂါပိုး BA.2 သည် BA.1 ထက် ကူးစက်မှု ပိုမြန်ဆန်သော်လည်း COVID-19 ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးသူများတွင် ရောဂါလက္ခဏာ ပြင်းထန်မှုနှင့် သေဆုံးမှုတို့ လျော့နည်းကြောင်း တွေ့ရှိရသည်။ |
| | | မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိမှု၊ ပိုးတွေ့နှုန်းနှင့် သေဆုံးမှုနှုန်း သိသာစွာ ကျဆင်းလာသဖြင့် နိုင်ငံတကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသားများ နိုင်ငံတွင်းသို့ ဝင်ရောက်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတကာ လေကြောင်းခရီးစဉ်များအား ယာယီကန့်သတ်သည့် အစီအစဉ်အား ကိုဗစ်-၁၉ ရောဂါ ပြည်ဝင်ခွင့် လိုအပ်ချက်များနှင့်အညီ ဧပြီ (၁၇) ရက်မှ စတင်ကာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပုံမှန်ပြန်လည်ပြေးဆွဲခွင့် ပြုမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေး ကြေညာချက် ထုတ်ပြန်သည်။ |
| | | ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Myancopharm အား စီးပွားဖြစ်ထုတ်လုပ်ခြင်းကို ၂၀၂၂ ခုနှစ် မတ် (၁၀) ရက်တွင် ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်နှင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တို့တွင် အရေအတွက် ၁၀ သန်း ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ကာကွယ်ဆေးများကို ဧပြီမှစတင်၍ ကျန်းမာရေးဝန်ကြီးဌာနသို့ ဖြန့်ဖြူးပေးရန် ညှိနှိုင်းထားကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်သည်။ မတ်လ (၂၃) ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Myancopharm စတင်ထုတ်လုပ်ခြင်းနှင့် မိတ်ဆက်ခြင်း အခမ်းအနားကို ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံ Sinopharm CNBG ပညာရှင်များ၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆေးဝါးထိန်းညွှန်ကြားရေးမှူးရုံးတို့မှ ပညာရှင်များ ပူးပေါင်း၍ ဆေးစမ်းသပ်ထုတ်လုပ်မှုကို ဆောင်ရွက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ |
| | | နော်ဝေဆက်သွယ်ရေးကုမ္ပဏီ Telenor ၏ မြန်မာပြည်လုပ်ငန်းခွဲကို လက်ဘနွန်စီးပွားရေးအုပ်စု M1 ထံ ရောင်းချမှုအား နစကမှ အတည်ပြုလိုက်သည်ဟု မတ်လ (၁၈) ရက်တွင် ယင်းကုမ္ပဏီနှစ်ခုစလုံးက ထုတ်ပြန်သည်။ ပြည်တွင်းကုမ္ပဏီဖြစ်သည့် ရွှေဗျိုင်းဖြူ ကုမ္ပဏီကို နိုင်ငံအတွင်းရှိ တယ်လီနော၏ လုပ်ငန်းအများစုကို ပိုင်ဆိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်ခွင့်ပေးခဲ့ပြီး ယင်းသဘောတူညီချက်မှာ မကြာမီ အပြီးသတ်နိုင်တော့မည်ဟု ဖေဖော်ဝါရီ (၁၁) ရက်က ရိုက်တာသတင်းတွင် ဖော်ပြခဲ့သော်လည်း ယခုအခါ လက်ဘနွန်စီးပွားရေးလုပ်ငန်း M1 ထံ ရောင်းချရန် အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။ M1 အုပ်စုသည် ရွှေဗျိုင်းဖြူနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု M1 ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၁၉၉၆ ခုနှစ်တွင် ထူထောင်ခဲ့သော ရွှေဗျိုင်းဖြူ ကုမ္ပဏီသည် ရေနံ၊ စက်မှု၊ ကုန်စည် ကူးသန်းရောင်းဝယ်ရေး၊ ရေထွက်ပစ္စည်းများကို အဓိကထားလုပ်ကိုင်နေသည့် ကုမ္ပဏီဖြစ်ပြီး ဆက်သွယ်ရေးလုပ်ငန်း အတွေ့အကြုံမရှိဟု ယင်း |

| | | |
|---|---|---|
| | | ကုမ္ပဏီ၏ ဝက်ဆိုက်တွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် Telenor အသုံးပြုသူ ၁၈ သန်းခန့်ရှိသည်။ |
| | | လှိုင်သာယာရှိ သောင်ကြီးနယ်မြေရဲစခန်းအား ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခြင်း၊ ပြည်သူပိုင်နေရာများ၊ လုံခြုံရေးစခန်းများ၊ နိုင်ငံပိုင် အဆောက်အဦများအား ဖောက်ခွဲခြင်းနှင့် လက်လုပ်မိုင်းပြုလုပ်ခြင်း၊ အုပ်ချုပ်ရေးမှူးရုံးအား ပစ်ခတ်ခြင်း၊ လက်နက်ခဲယမ်းများ သိုလှောင်ထားခြင်း၊ အကြမ်းဖက်သင်တန်း တက်ရောက်ခြင်းတို့ကြောင့် လှိုင်သာယာ(အနောက်ပိုင်း)နှင့် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)နှင့် ကြည့်မြင်တိုင်မြို့နယ်တို့တွင် နေထိုင်ကြသည့် အမျိုးသား ၁၁ ဦးအား "ထောင်ဒဏ် တစ်သက်" ပြစ်ဒဏ်ချမှတ်လိုက်ပြီး ရာအိမ်မှူးတစ်ဦး၊ ဆရာမတစ်ဦးနှင့် ပြည်သူများအား သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အမျိုးသား ၆ ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို "သေဒဏ်" ချမှတ်လိုက်ကြောင်း နစကမှ ထုတ်ပြန်သည်။ ပြစ်ဒဏ်ချမှတ်ခံရသူများထဲမှ ထွက်ပြေးလွတ်မြောက်နေသူများကိုလည်း ဖမ်းဝရမ်းထုတ်ထားသည်။ |
| | | မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်ရှိ PDF အကြမ်းဖက်သမားများက မြောက်ခင်ရန်း ကျေးရွာအား ဝင်ရောက်စီးနင်းတိုက်ခိုက်ကာ လူနေအိမ်များအား မီးရှို့ဖျက်ဆီး၍ ပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း နစကမှ သတင်းထုတ်ပြန်သည်။ မြောက်ခင်ရန်းကျေးရွာအား ၎င်းကျေးရွာ၏ အနီးဝန်းကျင်ရှိ ရွှေဘို၊ သင်တော၊ စမ်းမြို့ကျေးရွာတို့တွင် ခိုအောင်းနေသည့် PDF ၄၀၀ ဦးခန့်က လက်နက်ကြီး/ငယ်၊ လက်လုပ်ဗုံးများ အသုံးပြုကာ ဝိုင်းဝန်းပိတ်ဆို့ ပစ်ခတ်တိုက်ခိုက်သဖြင့် ကျေးရွာနေ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံ ပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့များ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ နေအိမ်များအားလည်း မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် လူနေအိမ် ၈၆ လုံး မီးလောင်ကျွမ်း ပျက်စီးဆုံးရှုံးခဲ့ပြီး အမျိုးသား တစ်ဦး မီးလောင်သေဆုံးခဲ့ကာ ပြည်သူအချို့အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် ၁၆၈ ရပ်ကွက်၊ ဘယကျော်ထင်လမ်းတွင် မတ် (၁၈) ရက်က ဆိုင်ကယ်စီးလာသည့် လင်မယားနှစ်ဦး သေနတ်ပစ်ခံရပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း ရပ်ကွက်နေပြည်သူများထံမှ သိရသည်။ သေဆုံးသူများမှာ ကိုဝေဖြိုးပိုင် ၃၀ နှစ်နှင့် မဝေမာထွန်း ၂၉ နှစ်တို့ဖြစ်ပြီး ကိုဝေဖြိုးပိုင်သည် ၁၆၈ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တွင် ဆယ်အိမ်မှူးတစ်ဦးဖြစ်ကြောင်း၊ တရားဝင်ခန့်အပ်ထားခြင်း ဟုတ်မဟုတ်ကို သေချာမသိကြောင်း ရပ်ကွက်နေသူများက ပြောကြားသည်။ |
| | | မတ် (၁၄) ရက်က ကရင်ပြည်နယ် မြဝတီမြို့အနီး ကျောက်တောင်ဒေသတွင် နှစ်ဖက်ပစ်ခတ်မှုကြောင့် မြဝတီမြို့အနီးရှိ ကံပွင့်မြိုင်၊ ပြည်သာယာ၊ ကျောက်မိုင်း ၅ ခု၌ နေထိုင်သူ ပြည်သူ ၂၅၀ ကျော်မှာ တုံးတံတား (ခ) ပွင့်လင်းအေးမြိုင် ရွာဦးဘုန်းတော်ကြီးကျောင်းတွင် လာရောက်ခိုလှုံနေကြရသည်။ စစ်ဘေးရှောင် အမျိုးသမီးတစ်ဦးက "ဖာပွန်မှာ တိုက်ပွဲတွေဖြစ်လို့ ကျောက်မိုင်းမှာ အလုပ်လုပ်နေတဲ့ သမီးဆီ စစ်ရှောင်လာတာပါ။ ဖာပွန်မှာနေတုန်းက တောထဲကို ဟင်းသီးဟင်းရွက်သွားခူးတဲ့ အဒေါ်သားတစ်ယောက် မိုင်းထိ၊ သွေးလွန်ပြီး ဆုံးသွားတယ်။ ဖာပွန်ကနေ မြဝတီကို ပြေးလာတာ။ အခုလည်း တိုက်ပွဲတွေ ဖြစ်နေတာကြောင့် ထပ်ပြေးရပြန်တယ်။ တိုင်းပြည်မှာ အမြန်ငြိမ်းချမ်းစေချင်ပါပြီ" ဟု ဆိုသည်။ |
| | | ထိုင်းနိုင်ငံ ရနောင်းအချုပ်ထောင်မှ ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား ၁၄၀ မှာ ကော့သောင်းမြို့သို့ ပြန်လည် ရောက်ရှိလာသည်။ နှစ်နိုင်ငံ တာဝန်ရှိသူများ |

| | | |
|---|---|---|
| | | ညှိနှိုင်းသဘောတူညီချက်အရ ထိုင်းနိုင်ငံ ရနောင်းအချုပ်ထောင်တွင် အချုပ်ကျနေသည့် မြန်မာနိုင်ငံသားများကို ရနောင်းမြို့မှတစ်ဆင့် ပဲ့ချိတ်လှေများဖြင့် ကော့သောင်းမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ လွတ်မြောက်လာသူများမှာ ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရပြီး ရနောင်းအချုပ်ထောင်တွင် ပြစ်ဒဏ်စေ့သဖြင့် ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ကျား ၁၁၇ ဦး၊ မ ၂၃ ဦး ပါဝင်ကြောင်း အမျိုးသားလူနာနှစ်ဦးနှင့် မိန်းကလေးငယ်တစ်ဦး ပါဝင်ကြောင်း သိရသည်။ |
| ၁၈။ | ၁၉. ၃. ၂၀၂၂ | အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သည့် ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ပရက်ခ်ဆိုခွန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖိတ်ကြားချက်အရ မတ်လ (၂၁) မှ (၂၃) ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘော ခရီးစဉ်အဖြစ် ပထမဆုံးအကြိမ် လာရောက်မည်ဖြစ်သည်။ ၎င်း၏ခရီးစဉ်သည် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ အဆုံးသတ်ရေးနှင့် သက်ဆိုင်သူအားလုံးက အစွမ်းကုန် ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ရေး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး (ASEC) နှင့် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးစင်တာ (AHA Centre) တို့၏ ကူညီထောက်ပံ့မှု၊ ညှိနှိုင်းဆောင်ရွက်မှုတို့နှင့်အတူ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးပို့ရေး၊ သက်ဆိုင်သူ အားလုံးအကြား နိုင်ငံရေးနည်းလမ်းအရ စေ့စပ်ဆွေးနွေးမှုများဆီသို့ ဦးတည်စေမည့် သင့်လျော်သော အခြေအနေများကို ဖန်တီးပေးရန် ရည်ရွယ်သည်ဟု ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဒီမိုကရေစီလိုလားသော ကိုယ်စားလှယ်များနှင့် ၎င်းကို တွေ့ဆုံခွင့်ပြုရေး အာဆီယံအဖွဲ့ဝင်နိုင်ငံများက ဆော်ဩလျက်ရှိသည်။ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက အာဆီယံအထူးကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်တွင် အမှုရင်ဆိုင်နေရသူများမှအပ နိုင်ငံရေးပါတီများ အပါအဝင် အခြားပုဂ္ဂိုလ်များကို တွေ့ဆုံခွင့်ပြုမည်ဟု ဆိုသည်။ |
| | | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့အဝင် ၂၁ မိုင်ဂိတ်အား နံနက် ၄ နာရီ ဝန်းကျင်က လက်နက်ကြီး/ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုမှာ ကချင်လွတ်မြောက်ရေးတပ် (KIA) က ၎င်းတို့လက်ချက်ဖြစ်ကြောင်း KIO ဗဟိုပြန်ကြားရေးဗိုလ်မှူးကြီးနော်ဘူက ဒေသတွင်းသတင်းမီဒီယာသို့ ပြောခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် နံနက် ၄ နာရီဝန်းကျင်မှ စတင်ပြီး ၆ နာရီထိုးခါနီးအထိ ဖြစ်ပွားခဲ့ကြောင်း၊ ၆ ဦးဒဏ်ရာ ရရှိထားကြောင်း၊ တိုက်ပွဲများ ပြင်းထန်နေပြီး ကားများသွားလာခွင့် ပိတ်ထားကြောင်း သိရသည်။ ယခုတိုက်ခိုက်ခံရသည့် နေရာသည် ၂၀၂၁၊ ဇွန် (၃၀) ရက်က KIA နှင့် PDF ပူးပေါင်းအဖွဲ့မှ တိုက်ခိုက်ခဲ့ဖူးပြီး ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့် အရပ်သားတစ်ဦးတို့ သေဆုံးခဲ့သည်။ |
| ၁၉။ | ၂၀. ၃. ၂၀၂၂ | ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိုင်းမောတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံခဲ့သည်။ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ တပ်မတော်သားများအနေဖြင့် နိုင်ငံ့အရေးအရာနှင့် ပတ်သက်၍ ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ နိုင်ငံကို ပျက်စီးစေလိုသော နိုင်ငံရေး အစွန်းရောက် အကြမ်းဖက်သူများအနေဖြင့် အလုံးစုံပျက်စီးရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပြီး အစိုးရယန္တရား ရပ်တန့် |

| | | |
|---|---|---|
| | | စေရန် နိုင်ငံ့ဝန်ထမ်းများကို နည်းမျိုးစုံဖြင့် မြူဆွယ် ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ဖြင့် CDM ပြုလုပ်စေကြောင်း၊ နိုင်ငံအပေါ် သစ္စာမဲ့စွာဖြင့် ဝန်ထမ်းအချို့ CDM ပြုလုပ်ခဲ့မှုကြောင့် လစ်လပ်ခဲ့ရသည့် ကျန်းမာရေး၊ ပို့ဆောင်ရေးအပါအဝင် လိုအပ်သည့် နေရာစုံ၊ကဏ္ဍစုံများတွင် တိုင်းရင်းသားပြည်သူများ အဆင်ပြေစေရန် တပ်မတော်သားပညာရှင်များအပါအဝင် သစ္စာရှိကြသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် ဝင်ရောက်ဖြည့်ဆည်း ဆောင်ရွက်ခဲ့ရကြောင်း၊ ကိုဗစ် – ၁၉ တတိယလှိုင်း ကူးစက်မြန် Delta မျိုးကွဲ ပြင်းထန်စွာ ကူးစက်သည့်ကာလအတွင်း အခက်အခဲ အကျပ်အတည်းမျိုးစုံကို ပြည်သူလူထု၊ သစ္စာရှိနိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များ၏ စုပေါင်းအင်အားဖြင့် အောင်မြင်စွာ ဖြတ်ကျော်ခဲ့ကြောင်း၊ ဆက်လက်၍လည်း စည်းလုံးညီညွတ်မှုဖြင့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို အောင်မြင်စွာ ဖြတ်ကျော်သွားမည်ဖြစ်ကြောင်းစသဖြင့် ပြောကြားခဲ့သည်။ |
| | | လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးရေး အခြေခံအပေါ်တွင်ပင် ဆောင်ရွက်စေချင်သည်ဟု မွန်ညီညွတ်ရေးပါတီ (MUP) ၏ ပြောရေးဆိုခွင့်ရှိသူ နိုင်တလညီက ပြောကြားသည်။ ၎င်းက “ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအနေအထားအရ တပ်မတော်က နိုင်ငံတော်အာဏာ ရယူထားပြီးတဲ့နောက်ပိုင်းမှာ အမျိုးသား စည်းလုံးညီညွတ်ရေးနဲ့ ပတ်သက်လို့ အမြင်မတူတာတွေ ရှိနေကြသလို ကွဲပြားမှုတွေလည်း ရှိနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဖြစ်ပြီးခဲ့တဲ့ ပဋိပက္ခတွေရော လက်ရှိဖြစ်ပျက်နေတဲ့ ပဋိပက္ခတွေအနေနဲ့ပါ အားလုံးကို ခြုံငုံသုံးသပ်လိုက်ရင် ကျွန်တော်တို့ရဲ့နိုင်ငံရဲ့ ရှေ့ရေးအတွက် တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းကသာ အဓိကကျတာ တွေ့ရတယ်” ဟု ပြောသည်။ |
| | | ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း မြန်မာမှ ထိုင်းသို့ ပို့ကုန်တင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ် ပထမသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ၂၂ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ပို့ကုန်အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းတွင် တရုတ်နိုင်ငံသို့ ဒေါ်လာ ၄၉၀၅ ဒသမ ၈၀ သန်းဖြင့် အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံသို့ ဒေါ်လာ ၃၁၇၂ ဒသမ ၂၆ သန်းဖြင့် ဒုတိယအများဆုံးဖြစ်ကာ အစဉ်လိုက်ရပ်တည်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ |
| | | ငွေကြေးဈေးကွက်တည်ငြိမ်မှုကို ထိခိုက်စေနိုင်သော ဆောင်ရွက်မှုများဖြစ်သည့် နိုင်ငံခြားငွေကြေးများကို တရားမဝင် ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကစားခြင်းပြုလုပ်သူများ၊ အိမ်ခြံမြေနှင့် ယာဉ်ကဲ့သို့ ပစ္စည်းများအား ရောင်းဝယ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းရာတွင် ဗဟိုဘဏ်၏ ငွေပေးချေမှု ကန့်သတ်ချက်အတိုင်း လိုက်နာမှုမရှိသူများ၊ ဘဏ်များတွင် အပ်နှံထားသည့် ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူပြီး ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင် ငွေသားလက်ဝယ် ထိန်းသိမ်းထားသူများက ဘဏ်အကောင့်တွင် အပ်နှံထားသည့် ကျပ်ငွေများကို ရာခိုင်နှုန်းယူ၍ ငွေသားလဲလှယ်ထုတ်ပေးခြင်းတွင် ပါဝင်ပတ်သက်သူများကို သိရှိပါက ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီသို့ အသိပေးတိုင်ကြားနိုင်ကြောင်း ယင်းကော်မတီက ဆိုသည်။ အဆိုပါကော်မတီတွင် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆောင်ပါဝင်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးချုပ်ရန်နောင်စိုး၊ ရွှေဈေးကွက် စောင့်ကြည့်ထိန်းသိမ်း ကြပ်မတ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရဲမှူးချုပ်မျိုးသူစိုး အစရှိသူတို့ ပါဝင်သည်။ |
| | | မြန်မာ့တပ်မတော်မှ ထွက်ပြေးလာသူများကို ဩစတြေးလျအစိုးရက ခိုလှုံခွင့်ဗီဇာဖြင့် |

| | | |
|---|---|---|
| | | စတင်လက်ခံပေးခဲ့သည်။ မြန်မာ့တပ်မတော်မှ စစ်သည်ဟောင်းနှစ်ဦး၏ ခိုလှုံခွင့်လျှောက်ထားမှုကို သြစတြေးလျအစိုးရက ဇန်နဝါရီလကတည်းက လက်ခံခဲ့ခြင်း ဖြစ်သည်။ Sydney Morning Herald နှင့် The Age သတင်းဌာနတို့က ခိုလှုံခွင့်ရသူနှစ်ဦးနှင့် အင်တာဗျူးပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သြစတြေးလျ ပြည်ထဲရေးဝန်ကြီးဌာနကမူ လူပုဂ္ဂိုလ်တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့များ၏ လူသားချင်းစာနာ ထောက်ထားမှုနှင့် သက်ဆိုင်သော ပြန်လည်နေရာချထားရေး အခွင့်အလမ်းများနှင့် ပတ်သက်၍ မှတ်ချက်ပြုပြောဆိုမည် မဟုတ်ဟု ကြေညာချက် ထုတ်ပြန်ခဲ့သည်။ လျှောက်ထားသူတိုင်းသည် ဗီဇာရရှိနိုင်ရန်အတွက် သက်ဆိုင်ရာ စံနှုန်းအားလုံးနှင့် ပြည့်မီရန် လိုအပ်ကြောင်းလည်း ပြောဆိုသည်။ အစိုးရကထုတ်ပြန်သည့် ကိန်းဂဏန်းများအရ ယမန်နှစ် ဖေဖော်ဝါရီ (၁)ရက်မှ ယခုနှစ် ဇန်နဝါရီ(၃၁)ရက်အတွင်း မြန်မာနိုင်ငံမှ ရောက်ရှိလာသူ ၅၁၃ ဦးကို ခိုလှုံခွင့်ဗီဇာ ပေးခဲ့သည်ဟု သိရသည်။ |
| ၂၀။ | ၂၁. ၃. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mr. Prak Sokhonn နှင့် အာဆီယံအတွင်းရေးမှူးချုပ် Dato Lim Jock Hoi တို့အား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံရာတွင် နိုင်ငံရေးသဘောထားမတိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသည့် ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှုများ၊ အကြောင်းမဲ့သတ်ဖြတ်မှုများ၊ နိုင်ငံပိုင် အဆောက်အဦများ၊ စာသင်ကျောင်းများကို ဖျက်ဆီးမှုများနှင့် မိုင်းထောင်ဖောက်ခွဲမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် နစကအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ အာဆီယံ ဘုံသဘောတူညီချက် (၅) ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ပြည်သူများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ အာဆီယံတွင် ပူပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာများ၊ ယခုခရီးစဉ်သည် ပထမဆုံးခြေလှမ်းဖြစ်၍ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် တိုးတက်မှုများ ရရှိစေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ |
| | | နံနက် ၇ နာရီ ၅၀ မိနစ်အချိန်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သထုံစုကျေးရွာအနီး ရန်ကုန် – မော်လမြိုင် ရထားလမ်း မိုင်တိုင်အမှတ် ၈၂ မိုင် ၇ ဖာလုံနှင့် ၈ ဖာလုံ အကြား ခဝါချောင်းကူး ရထားသံလမ်းတံတားအား PDF အကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ရာ တံတားအရှည် ၆၀ ပေခန့် ပျက်စီးခဲ့ပြီး ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၁၀ ခန့် ဆုံးရှုံးခဲ့သည်။ |
| | | မတ်လ (၂၀) ရက်၊ ည ၁၀ နာရီခန့်အချိန်တွင် ရှမ်းပြည်တောင်ပိုင်း၊ ရွှေညောင်မြို့နယ်၊ ပဲရင်းတောင်ကျေးရွာသို့ PDF အင်အား ၃၀ ဦးခန့်သည် တူမီးသေနတ်၊ လက်နက်ငယ်နှင့် တုတ်၊ဓားများ ကိုင်ဆောင်ဝင်ရောက်လာသဖြင့် ရွာသူ/သားများမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း၊ ကျေးရွာရှိနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ပြီး မီးလောင်မှုကြောင့် ဆိုင်ကယ် ၃ စီး၊ မော်တော်ယာဉ် ၁ စီး၊ နှစ်ထပ်တိုက်နေအိမ် ၂ လုံးနှင့် ဆိုင်ခန်း တစ်ခန်း ဆုံးရှုံးခဲ့ရသည်။ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ မြို့ရှောင်လမ်းတွင် ဖွင့်လှစ်ထားသည့် ရွှေဖျိုင်းဖြူ စက်သုံးဆီဆိုင်အား နေ့လည် ၂ နာရီ ၄၀ မိနစ်ခန့်တွင် လက်နက်ကိုင် ၅ ဦးက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲပြီး ဝန်ထမ်းများအား ရိုက်နှက်၍ ငွေကျပ်သိန်း |

| | | |
|---|---|---|
| | | ၁၅၀ ခန့်အား အတင်းအဓမ္မ လုယက်သွားကာ ဆိုင်ရှိ CCTV များနှင့် အဆောက်အဦများအား ရိုက်ခွဲဖျက်ဆီး ထွက်ပြေးသွားခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | ထိုင်းနိုင်ငံ နယ်စပ်တစ်လျှောက်မှ တရားမဝင် ဝင်ရောက်ရန် ကြိုးစားသူ မြန်မာနိုင်ငံသားများကို နေရာအနှံ့အပြားတွင် လူဦးရေ ၁၈၀ ကျော်အထိ ဖမ်းဆီးရမိခဲ့ကြောင်း ထိုင်းတပ်မတော် ပြည်သူ့ဆက်ဆံရေးဌာနက သတင်းထုတ်ပြန်သည်။ မတ် (၁၉) နှင့် (၂၀) ရက်များတွင် မြန်မာ – ထိုင်း နယ်စပ်တစ်လျှောက်ရှိ ကန်ချနာဘူရီ၊ ပရာကျွတ်ခီရီခံ၊ ချင်းမိုင်၊ မယ်ဆိုင်နှင့် ချင်းရိုင်ခရိုင်များအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်သူများ ဆက်တိုက်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ |
| ၂၁။ | ၂၂. ၃. ၂၀၂၂ | အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကင်က တပ်မတော်အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီအသိုက်အဝန်းအပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြောင်း ဆုံးဖြတ်မှုကို မတ်လ (၂၁) ရက်က ဝါရှင်တန်ရှိ ဟိုလိုကော့စ် အထိမ်းအမှတ်ပြတိုက်၌ ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်အပေါ် ပြင်းထန်စွာ ကန့်ကွက်သည်ဟု မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ထုတ်ပြန်သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာစာချုပ်နှင့် ကုလသမဂ္ဂ၏ ပဋိညာဉ်အောက်ရှိ တည်ဆဲသက်ဆိုင်ရာ ကတိကဝတ်များကို အပြည့်အဝ လေးစားလိုက်နာကြောင်း၊ လူမျိုးသုဉ်းစေမှုလုပ်ရပ်များ ကျူးလွန်မှုမရှိကြောင်း၊ နိုင်ငံရေး ရည်ရွယ်ချက်ရှိပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ရာရောက်သည့် မခိုင်လုံသော အရင်းအမြစ်များ၊ အတည်ပြုနိုင်ခြင်း မရှိသော အချက်အလက်များနှင့် မမှန်မကန် စွပ်စွဲချက်များ ဖော်ပြပါရှိသော အမေရိကန် နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်အား ပြင်းထန်စွာ ကန့်ကွက်ပြီး ပြတ်သားစွာ ပယ်ချလိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ |
| | | နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ လမ်းမကြီး အပါအဝင် အများပြည်သူနှင့် ဆိုင်သောနေရာများ၌ လူငါးဦးထက်ပို၍ စုဝေးခြင်း မပြုရန်၊ နေ့စဉ် ည ၁၂ မှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့်အား လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မတ် ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ရန်ကုန်တိုင်းနှင့် မန္တလေးခရိုင်အတွင်း၌လည်း သတ်မှတ်ထားသည့် ညမထွက်ရ အမိန့်ဖြစ်သော ည ၁၀ နာရီမှ နံနက် ၄ နာရီ အစား ည ၁၂ နာရီမှ နံနက် ၄ နာရီအထိ ပြင်ဆင်သတ်မှတ်မည်ဟု မတ် ၂၂ ရက်တွင် အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများထံမှ သိရသည်။ |
| | | မြန်မာနိုင်ငံတွင် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူ ၈၈၀၀၀၀ ကျော် ရှိပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်နောက်ပိုင်း အိုးအိမ်စွန့်ခွာရသူ ၅၁၀၀၀၀ ကျော်နှင့် ယခင် ပဋိပက္ခများကြောင့် ယာယီစခန်းများတွင် ဆက်လက်နေထိုင်နေရသူ ၃၇၀၀၀၀ ကျော် ရှိသည်ဟု ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးရုံး (OCHA Myanmar) က ထုတ်ပြန်သည်။ အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ အရှေ့တောင်နှင့် အနောက်မြောက်ပိုင်းတွင် ပဋိပက္ခများသည် ပိုမိုပြင်းထန်လာနေပြီး အရပ်သားများမှာ အဆိုပါပဋိပက္ခ၏ အကျိုးဆက်ကို ဆက်လက် ခံစားနေကြရကြောင်းလည်း ဖော်ပြထားသည်။ |
| | | မော်လမြိုင်မြို့ရှိ ရာမညဟိုတယ်တွင် ပြီးခဲ့သည့် မတ်လ (၁၈) မှ (၂၀) အထိ ကျင်းပပြုလုပ်ခဲ့သည့် မွန်ညီညွတ်ရေးပါတီ (MUP) ၏ ပထမဆုံးအကြိမ် ပါတီညီလာခံ အပြီးတွင် နိုင်လဝီအောင်(ခ)နိုင်မြင့်ဆွေ ပါတီဥက္ကဋ္ဌ ဖြစ်လာကြောင်း သိရသည်။ ၎င်းမှာ မွန် |

| | | |
|---|---|---|
| | | ပြည်သစ်ပါတီ၌ စစ်ထောက်ချုပ် ဗိုလ်မှူးကြီးဟောင်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ရေးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)တွင် အနိုင်ရရှိခဲ့သူတစ်ဦးဖြစ်ခဲ့ကာ ၂၀၁၀ မှ ၂၀၁၅ အတွင်း မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးအဖွဲ့ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ပါတီဒုဥက္ကဋ္ဌ (၁) အဖြစ် နိုင်တလညီ၊ ပါတီဒုဥက္ကဋ္ဌ (၂) အဖြစ် နိုင်ချမ်းတွဲ့၊ အထွေထွေအတွင်းရေးမှူးအဖြစ် နိုင်စံတင်၊ တွဲဖက်အတွင်းရေးမှူး (၁) အဖြစ် နိုင်လယီတမနှင့် တွဲဖက်အတွင်းရေးမှူး (၂) အဖြစ် မိစန္ဒာနွန်တို့ကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။ |
| | | ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ ကြာညှပ်ကျေးရွာ တိုက်နယ်ဆေးရုံ၌ ဓားဒဏ်ရာများဖြင့် ပျံလွန်တော်မူနေသည့် သံဃာတစ်ပါး၏ ရုပ်အလောင်း ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဘဒ္ဒန္တပညာဇောတိက သက်တော်(၃၇)နှစ်၊ ဝါတော်(၁၇)ဝါဖြစ်ကြောင်း သိရှိရ၍ ဖြစ်စဉ်အား စုံစမ်းရာ ဆရာတော်သည် ခရမ်းစပ်ကုန်းကျေးရွာအနီး ဒေသအခေါ် ကျောက်လက်ရိုက်တောစခန်း၌ တစ်ပါးတည်း သီတင်းသုံး နေထိုင်ခြင်းဖြစ်ပြီး ယင်းနေ့ နံနက်အစောပိုင်းတွင် PDF အကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဆရာတော်အား ဓားများဖြင့် ဝိုင်းဝန်းထိုး/ခုတ် သတ်ဖြတ်ခဲ့သဖြင့် ပျံလွန်တော်မူခဲ့ခြင်းဖြစ်သည်။ |
| | | ရှမ်းပြည်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် ဦးမိုးမြင့်သည် ယမန်နေ့ ညနေ ၆ နာရီခန့်တွင် ဈေးတန်းရပ်ကွက်ရှိ ၎င်း၏ ကွန်ပျူတာဆိုင်၌ သုံးချက်ခန့် ပစ်သတ်ခံရပြီး ယင်းနေရာ၌ပင် သေဆုံးခဲ့သည်။ ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာရှိ ရာအိမ်မှူး ဦးကျော်စိုးမင်းသည် မတ် (၁၉) ရက်၊ ညနေ ၃ နာရီခန့်တွင် သေနတ်ဖြင့် ပစ်ခတ်ခံရသည်။ ယင်းလုပ်ကြံမှုများနှင့် ပတ်သက်ပြီး UGR အဖွဲ့မှ ၎င်းတို့အဖွဲ့အနေဖြင့် ဒလန်များကို လိုက်လံသုတ်သင်နေကြောင်း သတင်းထုတ်ပြန်သည်။ |
| | | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ရေးမြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဟောင်းနှင့် မြို့နယ်ပါတီဥက္ကဋ္ဌဖြစ်သူ ဦးကျော်မိုးအေး၏ နေအိမ်အား မတ်လ (၁၈) ရက်တွင် သက်ဆိုင်ရာက ချိပ်ပိတ်ခဲ့သည်။ ဦးကျော်မိုးအေးမှာ အကြမ်းဖက် အဖွဲ့အစည်းများနှင့် ဆက်စပ်သည်ဟုဆိုကာ ၂၀၂၁၊ ဒီဇင်ဘာ (၂၁) ရက်ကတည်းက ရေးမြို့မရဲစခန်းက ဖမ်းဝရမ်း ထုတ်ထားခဲ့ပြီး ၎င်း၏ ညီဖြစ်သူနှင့် သားဖြစ်သူတို့မှာလည်း ယခင်က ဖမ်းဆီးခံနေရရာမှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်ခဲ့ကြောင်း မြို့ခံများက ပြောကြားသည်။ |
| ၂၂။ | ၂၃. ၃. ၂၀၂၂ | မြန်မာ – ထိုင်းနယ်စပ် မြဝတီမြို့သို့အဝင် သဃ်န်းညီနောင်ရှိ မြို့ဝင်ကြေးကောက်သည့်ဂိတ်မှာ မတ် (၂၂) ရက် နံနက် ၉ နာရီခန့်က လက်နက်ကိုင်အဖွဲ့တစ်ခု၏ ပစ်ခတ်မှုခံရပြီး တစ်ဦး သေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိကြောင်း Eleven Media က ဖော်ပြသည်။ ပစ်ခတ်မှုဖြစ်စဉ်မှာ အဝေးမှပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပစ်ခတ်မှုကြောင့် အလုပ်လုပ်နေသည့် ကရင်ငြိမ်းချမ်းရေး ကောင်စီ (KNU/KNLA–PC) မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။ သဃ်န်းညီနောင်ရှိ မြဝတီမြို့ဝင်ကြေး ကောက်ခံရေးဂိတ်သည် ကရင်လက်နက်ကိုင်လေးဖွဲ့မှ လေလံရထားပြီး မြို့ဝင်ကြေးကို တပ်ဖွဲ့ဝင်မိသားစုများက ကောက်ခံပေးလျက်ရှိသည်ဟု သိရသည်။ |
| | | မိုးညှင်းမြို့အခြေစိုက် မူးယစ်တပ်ဖွဲ့စု (၃)မှ တာဝန်ရှိသူများသည် မိုးညှင်း – ဟိုပင်သွားလမ်းပေါ်ရှိ အင်ကြင်းကုန်းလမ်းဆုံ၌ အသွင်ယူစစ်ဆေးရာတွင် မိုးညှင်းမြို့ဘက်မှ ဟိုပင်မြို့ဘက်သို့ ဦးဝင်းမြင့် မောင်းနှင်လာသည့် ဆိုင်ကယ်မှ ဘိန်းဖြူများ ထည့်သွင်းသယ် |

| | | |
|---|---|---|
| | | ဆောင်လာသည့် ဆပ်ပြာခွက် ၁၂၁ ခွက်၊ ကာလဒေသ ပေါက်ဈေး ၄၈၄ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများအား ဖမ်းဆီးရမိခဲ့သည်။ ၂၀၂၁၊ ဖေဖော်ဝါရီ (၁) ရက် နောက်ပိုင်း ကချင်ပြည်နယ် ဖားကန့် ကျောက်စိမ်းမှော်ဒေသများ၊ ဧရာဝတီမြစ်ဖျားပိုင်း ရှိ ရွှေမှော်၊ ကျောက်မှော်များ၊ မြန်မာ – တရုတ် နယ်စပ်တစ်လျှောက်ရှိ သစ်မှောင်ခိုမှော်များ၊ တစ်ရှူးငှက်ပျောခင်းများနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းရှိ ရွှေလုပ်ငန်း၊ သစ်မှောင်ခိုလုပ်ငန်း၊ ကျောက်စိမ်းလုပ်ငန်းများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှုများ မြင့်တက်ခဲ့သည်။ |
| | | မုံရွာမြို့တွင် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မုံရွာ)၏ အသင်းကားတစ်စီးအား မတ် (၂၂) ရက် ညက မှားယွင်းပြီး မိုင်းဆွဲတိုက်ခိုက်ခံခဲ့ရကြောင်း မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(မုံရွာ)က သတင်းထုတ်ပြန်သည်။ မြင်းမူမြို့ပေါ်မှ အရေးပေါ်လူနာအား ကြေးမုံရွာအနီးသို့ သွားရောက်ခေါ်ဆောင်လာစဉ် မုံရွာမြို့ New Day စက်သုံးဆီအရောင်းဆိုင်အနီးအရောက်တွင် ဗုံးဖြင့် ဖောက်ခွဲခံခဲ့ရခြင်းဖြစ်သည်။ ဖောက်ခွဲမှုပြုလုပ်ခဲ့သည့်အဖွဲ့မှ ၎င်းတို့၏ Facebook ၌ "မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအသင်း၏ ကျန်းမာရေးကားအား မှားယွင်းဖောက်ခွဲခဲ့မိကြောင်း၊ ယခုကဲ့သို့ မှားယွင်းခဲ့မှုအပေါ် အများပြည်သူသိရှိစေရန် ဝန်ချတောင်းပန်ပြီး လူမှုကယ်ဆယ်ရေးအဖွဲ့(မုံရွာ)ကိုလည်း ကျေနပ်သည်အထိ ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် နောင်တွင် အလားတူကိစ္စရပ်မျိုး မဖြစ်စေရန် အထူးဂရုပြု လုပ်ဆောင်သွားမည်" ဟု ထုတ်ပြန်ခဲ့သည်။ |
| | | ဇေကမ္ဘာပြတိုက်ပိုင်ရှင် ဦးခင်ရွှေနှင့် သားဖြစ်သူ ဇေသီဟတို့အား ဗဟန်းမြို့မရဲစခန်းမှ ၂၀၁၅ ခုနှစ် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ – ၂၄ ဖြင့် အမှုဖွင့်ပြီး အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ထားကြောင်း မတ် (၂၃) ရက်တွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ရဲအရာရှိတစ်ဦးထံမှ စုံစမ်းသိရှိရကြောင်း Eleven Media တွင် ဖော်ပြသည်။ |
| ၂၃။ | ၂၄. ၃. ၂၀၂၂ | ရန်ကုန်တိုင်း စည်ပင်ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် အစိုးရအဖွဲ့၏ စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးတို့ကို ခေါ်ယူမေးမြန်းနေခြင်းသာဖြစ်ပြီး ဖမ်းဆီးထားခြင်း မရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားသည်။ ထို့ပြင် လူမှုကွန်ရက်တွင်ထွက်ပေါ်နေသည့် ပြည်ထဲရေးဝန်ကြီး(ငြိမ်း) ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ကျော်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဟောင်း ဦးရဲထွဋ်၊ ဗိုလ်ချုပ်ကြီး(ငြိမ်း) သူရဦးရွှေမန်း၏သား ဦးတိုးနိုင်မန်းတို့လည်း ဖမ်းဆီးခံထားရကြောင်း သတင်းများနှင့် ပတ်သက်၍လည်း မဟုတ်မှန်ကြောင်း ၎င်းက ပြောခဲ့သည်။ |
| | | မွန်ပြည်နယ် သထုံမြို့နယ်အတွင်း မတ် (၁၇) ရက်က ငွေကျပ် ၃၀ ဘီလျံတန်ဖိုးရှိ ICE (မက်သ်အဖက်တမင်း) များ ဖမ်းဆီးရမိခဲ့သည်။ ရန်ကုန်–မော်လမြိုင်လမ်း မိုင်တိုင်အမှတ် (၁၄၅/၆) အနီးတွင် ဘီးလင်းမြို့ဘက်မှ သထုံမြို့ဘက်သို့ ရဲဝင်းအောင် ၃၀ နှစ် မောင်းနှင်ပြီး အောင်ဇင်ဦး(ခ)ကိုဦး ၂၃ နှစ် လိုက်ပါလာသည့် (၂၂)ဘီးတွဲယာဉ်နှင့် တာဝန်ခံ သယ်ဆောင်သူ ဇော်ဇော် ၃၉ နှစ် မောင်းနှင်လာသည့် Suzuki Swift မော်တော်ယာဉ်တို့အား သတင်းအရ စစ်ဆေးရှာဖွေရာ (၂၂) ဘီးယာဉ်ပေါ်မှ ဒေသပေါက်ဈေး ကျပ်ငွေ ၃၀ ဘီလျံတန်ဖိုးရှိ ICE (၁၂၀၀) ကီလို သိမ်းသည်းရမိခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ICE များကို ရှမ်းပြည်မြောက်ပိုင်းမှ ကရင်ပြည်နယ် မြဝတီမြို့ ထိုင်းနယ်စပ်သို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။ |

| | | |
|---|---|---|
| ၂၄။ | ၂၅. ၃. ၂၀၂၂ | EAO အချို့၏ စေ့စပ်ဆွေးနွေးရေးကိုမသွားဘဲ တိုက်ပွဲဝင်သွားမည်ဟု ပြောကြားလာခြင်းသည် ပြည်သူလူထုအတွက် မငြိမ်းချမ်းသည့် ပတ်ဝန်းကျင်အဖြစ် ဖန်တီးလိုသော ၎င်းတို့၏ သဘောထားသာဖြစ်ကြောင်း နစက ပြောရေးဆိုခွင့်ရှိသူ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ယမန်နေ့က နေပြည်တော်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ လက်ရှိအစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မထိခိုက်စေရန် တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ပြီး တပ်မတော်အနေဖြင့်လည်း EAO များ အဆိုပြုထားသည့် NCA လမ်းကြောင်းပေါ်၌ အခိုင်အမာ ရပ်တည်၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနေကြောင်း၊ လက်ရှိ အခြေအနေတွင် အစိုးရနှင့် တပ်မတော်အနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသော အဖွဲ့အစည်းများမှအပ မည်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနှင့်မဆို တွေ့ဆုံဆွေးနွေးမည်ဟု အတိအလင်း ကြေညာထားကြောင်း ၎င်းကပြောသည်။ အချို့ EAO များသည် NUG၊ CRPH၊ PDF များနှင့် ပူးပေါင်း၍ နိုင်ငံ၏ ပညာရေးနှင့်ပတ်သက်ပြီး နှောင့်ယှက်တိုက်ခိုက်မှုများ ပြုလုပ်နေပြီး လက်ရှိ စာမေးပွဲဖြေဆိုနေသည့် ကာလများတွင်လည်း ကျောင်းများကို တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို ပြုလုပ်လျက်ရှိဟု ၎င်းကဆိုသည်။ |
| | | ပါတီအစစ်ဆေးခံရန် ပျက်ကွက်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီတို့ကို အရေးယူမည့် ကိစ္စနှင့် ပတ်သက်၍ မတ်လ(၂၇)ရက်နောက်ပိုင်း ပြုလုပ်မည့် စုံညီအစည်းအဝေးတွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)အဖွဲ့ဝင် ဦးခင်မောင်ဦးက ယမန်နေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ NLD နှင့် SNLD ပါတီတို့အား ၂၀၂၂၊ ဖေဖော်ဝါရီ (၁၄) တွင် လာရောက် အစစ်ဆေးခံရန် ဖေဖော်ဝါရီ (၈) ရက်တွင် တစ်ကြိမ်၊ မတ် (၉) ရက် မတိုင်မီ လာရောက် အစစ်ဆေးခံရန် ဖေဖော်ဝါရီ (၁၇) ရက်တွင် တစ်ကြိမ် အကြောင်းကြားခဲ့သော်လည်း လာရောက်ခြင်း မရှိကြောင်း ၎င်းကဆိုသည်။ SNLD ပါတီက ၎င်းတို့အနေဖြင့် အစစ်မခံခြင်းမဟုတ်ဘဲ ကော်မရှင်ရုံးသို့ သွားရောက် အစစ်ဆေးမခံခြင်းသာဖြစ်ပြီး စစ်ဆေးလိုပါက ပါတီရုံးသို့ လာရောက်စစ်ဆေးနိုင်ကြောင်း မီဒီယာအချို့တွင် ပြောကြားထားပြီး NLD ပါတီကမူ ပါတီခေါင်းဆောင်များ ဖမ်းဆီးထိန်းသိမ်း ခံထားရသည့်အတွက် ပါတီတွင်း အစည်းအဝေး ပြုလုပ်နိုင်ခြင်း မရှိသောကြောင့် ပါတီအား စစ်ဆေးလိုပါက ခေါင်းဆောင်များကို လွှတ်ပေးရန် မီဒီယာအချို့တွင် ပြောကြားသည်။ |
| | | CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သည့် နေပြည်တော်၊ ပုပ္ပသီရိမြို့နယ်၊ ၎ရွှေဝါလမ်းနေ ဝေဝေသိမ့်၊ ဇေယျာသီရိမြို့နယ်၊ ဥတ္တရ ဒီပရပ်ကွက်နေ သီဟအောင်၊ မင်္ဂလာဒီပရပ်ကွက်နေ လိန်းကီးနှင့် မကွေးတိုင်း၊ အောင်လံမြို့နယ်နေ လက်ပံတိုရေနံမြေ တာဝန်ခံဆရာဝန် စိုးမင်းဦးတို့အား ဖမ်းဆီးအရေးယူခဲ့ကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့မှ သတင်းထုတ်ပြန်သည်။ |
| | | မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ကိုင်းကျေးရွာရှိ ကျောင်းထိုင်ဆရာတော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းတို့အား မတ်လ (၂၄) ရက် ညနေ ၂ နာရီခွဲခန့်တွင် PDF အကြမ်းဖက်များက သတ်ဖြတ်သွားကြောင်း သတင်းအရ သွားရောက် စစ်ဆေးခဲ့ရာ ကိုင်းကျေးရွာရှိ |

| | | |
|---|---|---|
| | | "မဟာဝိသုတာရာမ ပညာဒီပ (တောင်ကျောင်း)" မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ သံဝရ သက်တော် ၅၇ နှစ်၊ ဝါတော် ၂၇ ဝါအား မျက်လုံးအား ထိုးဖောက်သတ်ဖြတ်ခဲ့ပြီး ကိုင်းကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း ဦးကြည်ခိုင်ဝင်း ၄၇ နှစ်ကို ဦးခေါင်းဖြတ်၍ သတ်ဖြတ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ဘုန်းကြီးကျောင်းမှ ယာဉ်အမှတ် RLG-7613 NOAH အဖြူရောင်ယာဉ်ကိုလည်း ယူဆောင်သွားကြောင်း သတင်းထုတ်ပြန်သည်။ |
| | | မတ် (၂၂) ရက်က မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ နှမ်းခါးကျေးရွာအဝင်ရှိ "စိုးမိုးသူ" ဆန်စက်နှင့် အခြေခံပညာ အထက်တန်းကျောင်း(နှမ်းခါး) တို့အတွင်းမှ အကြမ်းဖက်သမားများ သိုဝှက်သိမ်းဆည်းထားသည့် လက်လုပ်ခါးချိုးသေနတ် တစ်လက်၊ လက်လုပ် စိန်ပြောင်း တစ်လက်၊ လက်လုပ်မိုင်း ၂ လုံး၊ ကျည်မျိုးစုံ ၁၂ တောင့်နှင့် ဆန် ၁၃ဝ အိတ်၊ စပါး ၁၄ဝဝ တင်း၊ နေကြာ ၂ဝ တင်း၊ ဆန်ကွဲ ၃၅ တင်း၊ ဖွဲ ၂၅ဝ အိတ်နှင့် စားသောက်ကုန်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း ထုတ်ပြန်သည်။ |
| | | မတ်လ (၂၃) ရက် ညပိုင်းက လမ်းမတော်မြို့နယ်၊ ဆေးတက္ကသိုလ်(၁)၊ ဝန်ထမ်းအိမ်ရာ၌ ရန်ကုန်တိုင်းအတွင်းရှိ ရုပ်ရှင်ရုံများအား အကြမ်းဖက်ဖောက်ခွဲရန် စီစဉ်လျက်ရှိသူ စည်သူရှိန် ၃၈ နှစ်နှင့်အတူ မြတ်မြတ်ခိုင် ၅၇ နှစ်၊ ရဲလွင်ရှိန် ၃၁ နှစ်၊ သက်အောင်ရှိန် ၂၉ နှစ်၊ မင်းချမ်းမွန် ၂ဝ နှစ်တို့အား လက်လုပ်မိုင်း ၃ လုံး၊ လက်ကိုင်ဖုန်း ၆ လုံး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ထွက်ဆိုချက်များအရ နေပြည်တော်၌ သန့်ဇင်(ခ)သန့်ဇင်ဦး ၃၆ နှစ်နှင့် နုနု(ခ)ခင်ဖုန်းဝင့် ၄၁ နှစ်တို့အား လက်လုပ်မိုင်း ၁ လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။ တရားခံများ၏ ထွက်ဆိုချက်များအရ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၌ ဖောက်ခွဲရေးလုပ်ငန်းများ စေခိုင်းသူ သူရထွန်း(ခ)ဖိုးသောကြာ ၃၇ နှစ်အား AK-47 ၁ လက်၊ ကျည် အိမ် ၁ ခု၊ ၎င်းကျည် ၄ တောင့်၊ မှန်ပြောင်း ၁ ခုတို့နှင့် လည်းကောင်း၊ ညို့မီးကျေးရွာ၌ နန်းဝေယဉ် ၃၇ နှစ်၊ ဒက္ခိဏသီရိမြို့နယ်၌ ပြည့်ပြည့်ဖြိုး(ခ)ပြည့်ပြည့် ၄၃ နှစ်၊ မန္တလေးမြို့ (၃၅/၃၆) လမ်းကြားနှင့် (၇၈/၇၉)လမ်းကြား၌ ဖုန်းမြင့်ဟိန်း(ခ)တရုတ်ကြီး ၃၂ နှစ်တို့အား အသီးသီး ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| ၂၅။ | ၂၆. ၃. ၂၀၂၂ | တပ်မတော်မှ အရာရှိကြီး ၃ ဦး၊ တပ်မ ၆၆ အပါအဝင် လူပုဂ္ဂိုလ် ၇ ဦး၊ အဖွဲ့အစည်းနှင့် လုပ်ငန်း ၇ ခုအား အမေရိကန်၊ ကနေဒါနှင့် ဗြိတိန်အစိုးရတို့က ဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြောင်း မတ် (၂၅) ရက်က ကြေညာချက် ထုတ်ပြန်သည်။ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံခြားပိုင်ဆိုင်မှု ထိန်းချုပ်ရေးရုံး(OFAC)၏ ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုစာရင်းတွင် ထည့်သွင်းခံရသူများမှာ ဦးအောင်လှိုင်ဦး၊ ဦးနိုင်ထွဋ်အောင်၊ ဦးစစ်တိုင်းအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး တို့ဖြစ်ကြောင်း သိရသည်။ OFAC ၏ စာရင်းတွင် တပ်မ ၆၆၊ Myanmar Chemical & Machinery Company Limited (MC&M)၊ International Gateways Groups of Company Limited (IGG)၊ Htoo Group of Companies (Htoo Group) နှင့် the Asian Green Development Bank (AGDB) တို့လည်း ပါဝင်သည်။ ယခုအရေးယူမှု အပါအဝင် အမေရိကန်သည် လုပ်ငန်း/အဖွဲ့အစည်း ၂၇ ခုနှင့် လူပုဂ္ဂိုလ် ၇ဝ ကို ဒဏ်ခတ်ပိတ်ဆို့ အရေးယူထားပြီးဖြစ်သည်။ |
| | | ကရင်ပြည်နယ်၊ ကော့ကရိတ် – မြဝတီ လမ်းမကြီးနှင့် မြဝတီ – ဝေါလေ လမ်းမကြီးတွင် မတ် (၂၇) ရက်မှစ၍ ယာဉ်များ ဖြတ်သန်းသွားလာခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းများကို ယာယီရပ်ဆိုင်းထားကြရန် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ဒူးပလာယာ |

| | | |
|---|---|---|
| | | ခရိုင်၊ တပ်မဟာ (၆) က ကြေညာချက် ထုတ်ပြန်သည်။ လက်ရှိအခြေအနေတွင် KNLA နှင့် တပ်ပေါင်းစုများကို အင်အားသုံးချေမှုန်းရန် တပ်မတော်က ကော့ကရိတ် – မြဝတီ လမ်းမကြီးနှင့် မြဝတီ – ဝေါလေလမ်းမကြီးအား အသုံးပြုကာ ဒူးပလာယာခရိုင်နှင့် တပ်မဟာ (၆) နယ်မြေအတွင်းသို့ တပ်အင်အားများ အလုံးအရင်းဖြင့် ပို့ဆောင်နေကြောင်း၊ ယင်းလုပ်ဆောင်ချက်များသည် ဒူးပလာယာခရိုင်နှင့် တပ်မဟာ (၆) အတွက် ကြီးမားသော စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း၊ ထိုစိန်ခေါ်မှုများအား ရင်ဆိုင်ရန်အတွက် ကော့ကရိတ် – မြဝတီ လမ်းမကြီးနှင့် မြဝတီ – ဝေါလေလမ်းမကြီးအား အသုံးပြုလျက် ယာဉ်များဖြတ်သန်းသွားလာခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းများကို ယာယီရပ်ဆိုင်းထားကြရန် ထုတ်ပြန်ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ပါရှိသည်။ |
| | | လှိုင်မြို့နယ် ရွာမကွေ့ရှိ မြတ်မေတ္တာမွန် ဆီဆိုင်၊ မြောက်ဒဂုံရှိ Denko ဆီဆိုင်နှင့် KBZ ATM တို့ကို ဓာတ်ဆီလောင်းမီးရှို့မှု ဖြစ်ပွားခဲ့သည်။ DENKO ဆီဆိုင်မီးရှို့မှုတွင် အကြမ်းဖက်သမား ၆ ဦးက သေနတ်ပစ်ဖောက် ခြိမ်းခြောက်ကာ ဆီပန့်များအား လက်ပစ်ဗုံးဖြင့် ဖောက်ခွဲပြီး မီးတုတ်များဖြင့် မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ဆီရောင်းချရငွေ ကျပ်သိန်း ၆၀ အား လုယက်သွားသည်။ အလားတူ ဘုရင့်နောင်လမ်းပေါ်ရှိ “မြတ်မေတ္တာမွန်” ဆီဆိုင်တွင်လည်း အကြမ်းဖက်သမား ၃ ဦးက သေနတ်ပစ်ဖောက်၍ ဆီပန့် ၃ ခုအား ဓာတ်ဆီဖြန်းမီးရှို့ခဲ့ပြီး ဆိုင်အလယ်ရှိ ငွေသိမ်းကောင်တာအား လက်ပစ်ဗုံးဖြင့် ပစ်ပေါက် ထွက်ပြေးသွားကြောင်း၊ ဆိုင်ရှိဝန်ထမ်း ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆီပန့် ၃ ခုနှင့် ငွေသိမ်းကောင်တာရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၅၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ |
| | | ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ(အလယ်ပိုင်း)နေ ထွန်းသက်ဝင်းနှင့် မြတ်သီရိလမ်း၊ အမှတ်(၂) ရပ်ကွက်နေ အောင်မြတ်စိုး(ခ)အောင်လေးတို့သည် အကြမ်းဖက်အုပ်စုများဖြစ်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းတက်ရောက်ခြင်း၊ လက်နက်ခဲယမ်းများ သယ်ဆောင်ပေးခြင်းတို့ကြောင့် မတ်(၂၅)ရက်တွင် ၎င်းတို့နှစ်ဦးအား “ထောင်ဒဏ်တစ်သက်” အမိန့်ချမှတ်လိုက်ကြောင်း သတင်းထုတ်ပြန်သည်။ |
| ၂၆။ | ၂၇. ၃. ၂၀၂၂ | ပြည်သူများနှင့် ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေးဝန်ထမ်းများအား သတ်ဖြတ်နေသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကို ထောက်ပံ့နေသည့်အဖွဲ့များကို တွေ့ဆုံဆွေးနွေးမည်မဟုတ်ဘဲ နိုင်ငံတည်ငြိမ်အေးချမ်းသည်အထိ နှိမ်နင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။ "ဒို့တပ်မတော်အနေနဲ့ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ရှိစေဖို့အတွက် ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး၊ အကြမ်းဖက်နှိမ်နင်းရေးတွေကို လုပ်ဆောင်နေရတာတွေ ရှိပါတယ်။ အပြစ်မဲ့ပြည်သူများနဲ့ ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေးဝန်ထမ်းတွေကို အကြောင်းမဲ့သတ်ဖြတ်ပြီး နိုင်ငံအတွင်း အေးချမ်းစွာ နေထိုင်လိုတဲ့ ပြည်သူတွေရဲ့ ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ ၎င်းတို့ကို ထောက်ခံပံ့ပိုးနေတဲ့ အဖွဲ့တွေကိုတော့ တွေ့ဆုံဆွေးနွေးမှာ မဟုတ်ဘဲ နိုင်ငံတည်ငြိမ်အေးချမ်းသည်အထိ နှိမ်နင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။ " ဟု ပြောကြားခဲ့သည်။ |
| | | (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် |

| | | |
|---|---|---|
| | | လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ် ဒုတိယအဆင့် ၂ ဦး နှင့် တတိယအဆင့် ၃ ဦး၊ စုစုပေါင်း ၅ ဦးတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ဘက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၍ ဂါရဝပြုတွေ့ဆုံခဲ့သည်။ |
| | | မတ်လ (၂၇) ရက် တပ်မတော်နေ့တွင် နစကအစိုးရက နယ်ပယ်စုံမှ အနုပညာရှင် (၇၃) ဦးကို အလင်္ကာကျော်စွာဘွဲ့နှင့် လူမှုထူးချွန်ဆုများ အသီးသီးချီးမြှင့်ခဲ့သည်။ အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ရာတွင် အလင်္ကာကျော်စွာဘွဲ့အား စာပေ၊ ဂီတ နှင့် ရုပ်ရှင် အနုပညာနယ်ပယ်မှ ၂၅ ဦးအား ချီးမြှင့်ခဲ့ပြီး ကွယ်လွန်ပြီး အနုပညာရှင်များလည်း ပါဝင်ခဲ့သည်။ |
| | | မြန်မာ–ထိုင်းနယ်စပ် မြဝတီဒေါနတောင်ကျော် ကုန်သွယ်လမ်းကြောင်း တော်နော်ရေတံခွန်အနီးတွင် ကုန်တင်ယာဉ်နှစ်စီး မီးရှို့ခံခဲ့ရသည်။ မြဝတီ – ကော့ကရိတ် ဒေါနတောင်ကျော် အာရှလမ်းနှင့် မြဝတီ – ဝေါလေမြိုင် သွားလမ်းပိုင်းတွင် အသုံးပြုသွားလာနေသော လူစီးကားနှင့် ကုန်သွယ်ယာဉ်များအား မတ်လ (၂၇) ရက်နေ့မှစ၍ သွားလာခြင်းမပြုရန် KNU ကရင်အမျိုးသားအစည်းရုံးက ယမန်နေ့ ရက်စွဲဖြင့် သတိပေးစာထုတ်ပြန်ခဲ့သည်။ ထို့အတူ မတ်လ (၂၇) ရက်နေ့ နေ့လည်ပိုင်းတွင် တောနော်ရေတံခွန်အနီး၌ တပ်မတော်နှင့် KNU နှစ်ဖက်ထိတွေ့ပစ်ခတ်မှု ဖြစ်ပွားလျက်ရှိကြောင်းလည်း လူမှုကယ်ဆယ်ရေး လုပ်ဆောင်နေသူတစ်ဦးက ပြောသည်။ |
| | | မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ထိန်းချုပ်ဓာတုပစ္စည်းဖြစ်သည့် အမိုနီယမ်နိုက်ထရိတ်များ ဖမ်းဆီးရမိခဲ့သည်။ မတ် ၂၆ ရက် မွန်းလွဲပိုင်းက သတင်းအရ မြဝတီ – ကျိုက်မရောကားလမ်း ကျိုက်မရောမြို့နယ် ဂျိုင်း(ဇာသပြင်) တံတားထိပ်အနီးတွင် တေဇာလွင်(ခ)ငုံးဥ မောင်းနှင်လာပြီး စည်သူမင်း(ခ)တရုတ်ကြီး လိုက်ပါလာသည့်ယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်တွင် ဆာလာအိတ်များအတွင်းမှ အမိုနီယမ်နိုက်ထရိတ် အလေးချိန် ၈၀၀၀ ကီလို (ဒေသ ကာလပေါက်ဈေး ကျပ် ၁၄၄ သိန်း) နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ |
| ၂၇။ | ၂၈. ၃. ၂၀၂၂ | ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ကင်းလှည့် ယာဉ်တန်း မိုင်းခွဲတိုက်ခိုက်ခံရသည်။ ဗန်းမော်တွင် မတ် (၂၈) ရက် နံနက် ၈ နာရီခန့်တွင် မိုင်းပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးကင်း လှည့်နေစဉ် မိုင်းထပ်မံပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် အရပ်သားအမျိုးသမီး တစ်ဦးမှာ နေရာတွင် သေဆုံးခဲ့ကာ အမျိုးသားနှစ်ဦး ဒဏ်ရာမျာရရှိခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များထဲမှ လေးဦး ဒဏ်ရာရရှိပြီး ဒဏ်ရာရရှိသူများထဲမှ ဗန်းမော်ခရိုင်အကူရဲတပ်ဖွဲ့ ရဲမှူးအောင်မြတ်ဦး သေဆုံးခဲ့သည်။ |
| | | မတ်လ ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း၊ သီလဝါဆိပ်ကမ်းရှိ Puma လေယာဉ်ဆီသိုလှောင်ရုံအား ဒရုန်းဖြင့် ဖောက်ခွဲရန်စီစဉ်လျက်ရှိသော ကျော်ဇင်(ခ)ကိုကျော် ၄၁ နှစ်အား ရွှေပေါက်ကံမြို့သစ်၌ DJI အမျိုးအစား ဒရုန်း ၁ စင်း၊ ၉ မမကျည် ၆၀ တောင့်၊ လက်ပစ်ဗုံး ၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်သည်။ ၎င်း၏ ထွက်ဆိုချက်အရ ရွှေပေါက်ကံမြို့သစ်၌ပင် ချစ်သက်ဦး ၃၁ နှစ်အား ဖမ်းဆီးရမိခဲ့သည့်အပြင် မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၌လည်း လက်လုပ်သေနတ်နှင့် မိုင်းများ ပြုလုပ်လျက်ရှိကြောင်း သတင်းအရ ရှာဖွေဖမ်းဆီးရာ ဉာဏ်ထွန်းအောင် (ခ) လုံးလုံး ၂၂ နှစ်၊ မျိုးသီဟဇော် ၂၉ နှစ်၊ ချမ်းထက်အောင် ၂၃ နှစ်တို့အား လုပ်လက်စ |

| | | |
|---|---|---|
| | | လက်လုပ်သေနတ် နှစ်လက်၊ လက်လုပ်သေနတ်ကိုယ်ထည် ၈ ခု၊ ၉ မမ ကျည် ၃၅ တောင့်၊ လက်လုပ်သေနတ်နှင့် လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ |
| | | မတ်လ (၂၅) ရက် ည ၈ နာရီ ၄၀ မိနစ်တွင် ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်၊ ပြီစုပ်ကျေးရွာနေ ကုန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ထွန်း၏နေအိမ်အား လူသုံးဦးက သေနတ်၊ လက်လုပ်ဗုံးတို့ဖြင့် ပစ်ခတ်ခဲ့သည်။ လာရောက်ပစ်ခတ်ချိန်တွင် ၎င်းသည် ရေတာရှည်မြို့သို့ သွားရောက်နေပြီး နေအိမ်၌ ဇနီးဖြစ်သူနှင့် ရှစ်နှစ်အရွယ်သားဖြစ်သူတို့ ရှိနေခဲ့ရာ ပစ်ခတ်ဖေါက်ခွဲမှုကြောင့် နေအိမ်အောက်ထပ်၌ ထိုင်နေသည့် သားဖြစ်သူတွင် ယာတင်ပဆုံ ပေါက်ပြဲဒဏ်ရာတစ်ချက် ရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | မတ်လ (၂၇) ရက်၊ နံနက် ၃ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့ရှိ မုံရွာစီးပွားရေးတက္ကသိုလ်အား PDF အကြမ်းဖက်သမားတို့က တက္ကသိုလ်၏အရှေ့ဘက်မှ လက်လုပ်စိန်ပြောင်းဖြင့် ၃ ချက် ပစ်ခတ်ခဲ့ရာ နှင်းဆီဆောင် အခန်းအမှတ်(၃) လူနေအိမ်အဆောက်အဦ၏ အမိုးနှင့် မျက်နှာကျက်တို့ ထိခိုက်ပျက်စီးခဲ့သည်။ အလားတူ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ပညာရေးမှူးရုံးအား အကြမ်းဖက်သမား အမျိုးသား ၂ ဦးက လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ ပညာရေးမှူးရုံး အရှေ့ခြံစည်းရိုးအပြင် ပလက်ဖောင်းအနီး ကျရောက်ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှု မရှိခဲ့ပေ။ |
| | | မန္တလေးတိုင်း၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်နေ တေဇာအောင်(ခ) တတ ၃၃ နှစ်နှင့် ၎င်း၏ညီမဖြစ်သူ အိမ့်မှူးကျော် ၂၀ နှစ်တို့ နှစ်ဦးသည် ၎င်းတို့ အသုံးပြုသည့် "TA TA" Facebook အကောင့်နှင့် "Eaint Kyaw Hmue IV" Facebook အကောင့်များဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်နေ ဇာနည်ကျော်မြင့်(ခ)ကတုံး ၃၂ နှစ်သည် ၎င်းအသုံးပြုသည့် "Zar Ni Kyaw Myint" Facebook အကောင့်သည် လည်းကောင်း အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| ၂၈။ | ၂၉. ၃. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၂) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံမှုတို့နှင့် ပတ်သက်၍လည်းကောင်း၊ ပညာရေးဆိုင်ရာကိစ္စများ၊ ပညာရေးမူဝါဒနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ပခရီးသွားလာမှုနှင့် ပြည်ပကုန်သွယ်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ စွမ်းရည်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ စွမ်းအင်မူဝါဒနှင့် ပတ်သက်၍လည်းကောင်း၊ မဟာသင်္ကြန်ကိစ္စနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။ |
| | | မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိ ခရိုင်မြန်မာ့အာမခံရုံးအရှေ့သို့ PDF အကြမ်းဖက်သမား ၇ ဦးက ဆိုင်ကယ် ၄ စီးဖြင့် သေနတ်များ ကိုင်ဆောင်ရောက်ရှိ |

| | | |
|---|---|---|
| | | လာပြီး ရုံးအတွင်းရှိနေသည့် ခရိုင်တာဝန်ခံ ဒေါ်ခင်မျိုးသီ ၅၉ နှစ် အပါအဝင် ဝန်ထမ်း ၉ ဦးတို့အား ခြိမ်းခြောက်၍ ငွေကျပ် ၃,၂၃၈,၀၀၀ ခန့်၊ လက်ကိုင်ဖုန်း ၆ လုံး၊ မှတ်ပုံတင်နှင့် ဝန်ထမ်းကတ်များအား လုယက်ယူဆောင်ကာ ဆိုင်ကယ်များဖြင့် ပြန်လည်ထွက်ပြေးသွားခဲ့ကြောင်း သတင်းထုတ်ပြန်ရေးမှ ထုတ်ပြန်သည်။ |
| | | ခရီးသွားလုပ်ငန်းများ ပြန်လည်တိုးတက်ကောင်းမွန်စေရေးအတွက် ဂုတ်ထိပ်တံတားသို့ မီးရထားဖြင့် သွားရောက်လည်ပတ်၍ မှတ်တမ်းဓာတ်ပုံဗီဒီယိုများ ရိုက်ကူးခဲ့သည့် အနုပညာရှင်များအား တင်ဆောင်လာသည့် မီးရထားအား ဂန့်ဂေါနှင့် ဆင်လမ်းစုကျေးရွာအကြားသို့ ရောက်ရှိစဉ် PDF အကြမ်းဖက်သမားများက ရီမုမိုင်း(၁)လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည်။ ဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာ မရှိခဲ့သော်လည်း အထက်တန်း ၂ တွဲမြောက်၏ကြမ်းခင်း ပွင့်ထွက်ပျက်စီးခဲ့သည်။ |
| | | ချင်းပြည်နယ်သို့ တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းလွှာ၊ အဖြေလွှာများနှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား သွားရောက်ပို့ဆောင်သည့် တပ်မတော်ရဟတ်ယာဉ်သည် ဟားခါးမြို့ရှိ နယ်မြေခံတပ်ရင်း ရဟတ်ယာဉ်ကွင်း၌ ဆင်းသက်စဉ် လေထုမငြိမ်မသက် ဖြစ်ပေါ်ခဲ့မှုကြောင့် ရဟတ်ယာဉ်ကွင်းအနီး ပေ ၅၀ ခန့်အကွာသို့ အမြင့်မီတာ ၂၀ ခန့်မှ မတော် တဆ ပြုတ်ကျမှုဖြစ်စဉ် ဖြစ်ပွားခဲ့ရာ ဝန်ထမ်း ၃ ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင် ၂ ဦးတို့တွင် မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။ |
| ၂၉။ | ၃၀. ၃. ၂၀၂၂ | ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၂) ကို နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်သည်။ အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာများ၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာများ၊ ကျန်းမာရေးဆိုင်ရာ တင်ပြချက်များကို တင်ပြကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ |
| | | ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ၊ ဒေါပုံနှင့် အင်းစိန်မြို့နယ်နေ မဆုဝေနှင်းနှင့် မဆုမြတ်သွယ် အပါအဝင် အမျိုးသား ၆ ဦးတို့သည် မြောက်ဥက္ကလာ၊ (၈) ရပ်ကွက်ရှိ Wifi ကားရေဆေးဆိုင် ဆိုင်ရှင်အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် လည်းကောင်း၊ မြောက်ဥက္ကလာပမြို့မရဲစခန်း အပါအဝင် အများပြည်သူ သွားလာလျက်ရှိသည့် နေရာများ၊ လုံခြုံရေးစခန်းများ၊ ဘဏ်များ၊ နိုင်ငံပိုင်အဆောက်အဦများနှင့် တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များ၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းတို့ကြောင့် လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၄ အရ မတ်လ (၃၀) ရက်တွင် ၎င်းတို့အား "သေဒဏ်" ပြစ်ဒဏ် ချမှတ်လိုက်ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | ကရင်ပြည်နယ်၊ ကော့ကရိတ် – မြဝတီသွား အာရှလမ်းမကြီးပေါ်၌ ကုန်တင်ယာဉ်များနှင့် အိမ်စီးကားများအား မတ် (၂၉) ရက် မွန်းလွဲ ၁ နာရီခန့်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် |

| | | |
|---|---|---|
| | | PDF များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့မှ ထုတ်ပြန်သည်။ ကော့ကရိတ်မှ မြဝတီမြို့သို့ ပို့ဆောင်ရန် ကြက်သွန်နီများနှင့် သံတိုသံစများ တင်ဆောင်လာသည့် (၁၂) ဘီးယာဉ် ၂ စီးနှင့် အိမ်စီးကား ၂ စီးသည် ကော့နွဲ့တံတားနှင့် တတန်ကူးတံတားအကြားသို့ ရောက်ရှိစဉ် လမ်း၏ယာဘက်ခြမ်းမှ လက်နက်ငယ်များဖြင့် အဆက်မပြတ် ပစ်ခတ်ခဲ့သောကြောင့် ယာဉ်ပေါ်လိုက်ပါလာသူများသည် ယာဉ်ပေါ်မှ ဆင်းပြေးခဲ့ရပြီး အနီးတစ်ဝိုက်တွင် ပုန်းခိုခဲ့ရကြောင်း၊ ယာဉ်များပေါ်တွင် ပါရှိသည့် ငွေသားများ၊ လက်ဝတ်ရတနာနှင့် အသုံးအဆောင် ပစ္စည်းများကို ၎င်းအဖွဲ့များက ယူဆောင်သွားကာ ယာဉ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဖော်ပြသည်။ |
| | | Facebook ပေါ်တွင် အမည်အမျိုးမျိုးဖြင့် ကိုယ်ပိုင် Page များဖွင့်ကာ ငွေစက္ကူအတုများ ရောင်းဝယ်ဖောက်ကား လိမ်လည်နေသည့် Facebook Page (၇) ခုအား နည်းပညာအကူအညီရယူကာ စုံစမ်းဖော်ထုတ်ခဲ့ပြီး ထိုအကောင့်များ၏ ပိုင်ရှင်များဖြစ်သည့် ရောဝတီတိုင်း၊ ညောင်ဝင်းကျေးရွာနေ ဇွဲဝေဖြိုး ၂၂ နှစ်၊ အေးပပမျိုး ၁၈ နှစ်၊ သက်ပိုင်ဖြိုး ၃၀ နှစ်၊ ဟိန်းထက်ဖြိုး ၁၈ နှစ်၊ သက်ဝေခိုင် ၁၈ နှစ်၊ အေးပြည့်စုံ ၁၇ နှစ်၊ အောင်ခန့်ပိုင် ၁၇ နှစ်တို့အား လက်ကိုင်ဖုန်း ၁၀ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထွက်ဆိုချက်များအရ ၎င်းတို့သည် ငွေစက္ကူအတုများပြုလုပ် ရောင်းဝယ်ခြင်းမဟုတ်ဘဲ Facebook Page ကို အသုံးပြု၍ ငွေစက္ကူအတု ဝယ်ယူလိုသူများအား ယုံကြည်အောင် ပြောဆိုပြီး ငွေစက္ကူအတုမှာယူရန် ကြိုတင်ပေးပို့သည့်ငွေများကို လိမ်လည်ရယူခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ |
| ၃၀။ | ၃၁. ၃. ၂၀၂၂ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အလုပ်သဘော ခရီးစဉ် သွားရောက်ရန် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။ |
| | | နိုင်ငံ့ဝန်ထမ်းများအား ၆၂ နှစ်ပြည့်မှသာ အငြိမ်းစားယူရန် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၆၊ ပုဒ်မခွဲ (က) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်လမ်းဆုံမှာ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA) တပ်မဟာ-၁ နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်းပြီး မုပ္ပလင်ရှိ တပ်ဂိတ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း VOA သတင်းတွင် ဖော်ပြသည်။ အပြန်အလှန် တိုက်ခိုက်မှုအတွင်း ဒေသခံနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ "မနက်က ဖြစ်တဲ့ မုပ္ပလင်ကိစ္စက မုပ္ပလင်လမ်းဆုံဂိတ်ကို KNLA ရယ်၊ PDF ရယ်၊ နောက်ပြီးတော့ ကျိုက်ထို ပကဖ ၃ ဖွဲ့ ပူးပေါင်းအဖွဲ့တွေက တိုက်ခိုက်တာ စစ်ကောင်စီဘက်က ၆ ယောက် သေတယ်။ PDF အဖွဲ့က တစ်ယောက်ကျတယ်။ ၃ ယောက် ဒဏ်ရာရတယ်။" ဟု ကျိုက်ထိုမြို့ခံ CDM ဆရာမတစ်ဦးက ပြောကြားကြောင်း ယင်းသတင်းတွင် ဖော်ပြထားသည်။ ယင်းသတင်းနှင့် ပတ်သက်ပြီး နစကဘက်မှ တစ်စုံတစ်ရာ ထုတ်ပြန်ခြင်း မရှိသေးပေ။ |
| | | မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Noeleen Heyzer သည် ယနေ့တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် ကမ္ဘောဒီးယားနိုင်ငံသို့ သွား |

| | | |
|---|---|---|
| | | ရောက်မည်ဟု ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ Stephane Dujarric က ယမန်နေ့က ပြောကြားသည်။ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်သည် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် နိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံကာ မြန်မာနိုင်ငံအရေးနှင့် ပတ်သက်ပြီး ဆွေးနွေးသွားမည်ဟု ဆိုသည်။ |
| | | မကွေးတိုင်း၊ ရေစကြိုမြို့နယ်ရှိ ကံပွင့်အမွှေးတိုင် အလုပ်ရုံအတွင်းသို့ မတ်လ (၂၉) ရက် မွန်းလွဲပိုင်းက PDF ခုနစ်ဦး ဝင်ရောက်လာပြီး အလုပ်ရုံအတွင်းမှ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၉၀ ဦးအား သေနတ်များဖြင့် ခြိမ်းခြောက်ကာ အလုပ်ရုံမန်နေဂျာ ဦးမျိုးလှိုင်အား ဒူးထောက်ထိုင်ခိုင်း၍ အခြားအလုပ်သမားများအား အလုပ်ရုံအပြင်သို့ ထွက်ခိုင်းခဲ့သည်။ အလုပ်ရုံအတွင်းရှိ ဒေါ်ဦးဘိုးဘွားရိပ်သာ အလှူခံပုံးအား ရိုက်ခွဲပြီး ပုံးအတွင်းမှ အလှူငွေကျပ်နှစ်သိန်းခန့်အား ယူဆောင်ကာ အမွှေးတိုင်ပြုလုပ်ရာတွင် အသုံးပြုသည့် မက်သနောအမွှေးဆီ ပေပါများထားရှိသည့် ဂိုထောင်ကို မီးရှို့ကာ အလုပ်ရုံရှိ ပြုလုပ်ဆဲ အမွှေးတိုင်များကိုပါ ဖျက်ဆီးပြီး မိနစ် ၂၀ ခန့်အကြာတွင် မန်နေဂျာအား ဖမ်းဆီးခေါ်ဆောင်၍ ဇီးကျွန်းကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့မှ ထုတ်ပြန်သည်။ |

**(သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)**

**သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့**

**TISS – Myanmar**